ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်၊ ကြာသပတေးနေ့၊ (10-1-2008) (၅၅၅၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်အစည်းအဝေး (၄/၂၀၀၈) ကျင်းပ မူကြမ်းရေးဆွဲရေးအဖွဲ့ခေါင်းဆောင်များနှင့် ဒုတိယခေါင်းဆောင်များက အဖွဲ့အလိုက် ဆောင်ရွက်ပြီးစီးသည့်အခြေအနေများတင်ပြ

နေပြည်တော် ဇန်နဝါရီ ၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်အစည်းအဝေး (၄/၂၀၀၈)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ်(၂၂)ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

ယင်းအစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဒေါက်တာသောင်းမြင့်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားပြီး မူကြမ်းရေးဆွဲရေးအဖွဲ့ခေါင်းဆောင်များနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

အမှာစကားပြောကြား

သဘာပတိ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်အစည်းအဝေး(၄/၂၀၀၈)တွင် အမှာစကားပြောကြားစဉ်။

(အပေါ်ပုံ) (သတင်းစဉ်)

ကြေးမုံ သတင်းဆောင်းပါးအညွှန်း

“ဆေးလိပ် သောက်သုံးမှုကို ဥပဒေပြဋ္ဌာန်း၍ ထိန်းချုပ်တားဆီး ကာကွယ်ထားသဖြင့် လူတိုင်း လူတိုင်းသည် ပြဋ္ဌာန်းဥပဒေကို လိုက်နာကြရပါမည်။”

သန်းစော(ဥပဒေ)၏

“ထိန်းချုပ်တားဆီး ကာကွယ် ဆေးလိပ်အန္တရာယ်”

(ဆောင်းပါး) စာမျက်နှာ–၄

ဦးနှောက်အမြှေးရောင်ရောဂါ ကာကွယ်ရေးဆိုင်ရာ ပညာပေးပိုစတာတစ်ခုကိုတွေ့ရစဉ်။

အစွမ်းထက် ဦးနှောက်အမြှေးရောင်ကာကွယ်ဆေးသစ် ထုတ်လုပ်

ချီကာဂို ဇန်နဝါရီ ၉

ဦးနှောက်အမြှေးရောင်ရောဂါ ကာကွယ်ဆေးသစ်တစ်မျိုးထွက်ပေါ်လာသည်။ အဆိုပါဆေးသည် အသက်ခြောက်လသားအရွယ် ကလေးကိုပင် ထိုးပေးနိုင်ပြီး အသက်အန္တရာယ်ပြုသော ဦးနှောက်အမြှေးရောင်ရောဂါကို ထိရောက်စွာ ကာကွယ်ပေးနိုင်ကြောင်း ဗြိတိန်နှင့် ကနေဒါသုတေသီများက ဇန်နဝါရီ ၈ ရက်တွင် ပြောကြားသည်။

အဆိုပါရောဂါ ဖြစ်ပွားပါက ဦးနှောက်ကို ဖုံးအုပ်ထားသော အမြှေးနှင့် အာရုံကြောများကို ဖုံးအုပ်ထားသော အမြှေးများကို ရောင်ရမ်းစေသည်။ ကိုယ်အပူချိန်တက်ကာ ဖျားသည့်အပြင် အော့အန်ကာ လည်ပင်းခိုင်သည့် လက္ခဏာများကိုလည်း တွေ့ရသည်။ ယင်းရောဂါသည် အထူးသဖြင့် ကလေးငယ်များနှင့် အသက်သုံးနှစ်မှ (၁၂)နှစ်အရွယ် ကလေးများတွင် အဖြစ်များသည်။

ကာကွယ်ဆေးသစ်သည် ဆွစ်ဇာလန်နိုင်ငံ ဒိုဗာတစ်အေဂျီကုမ္ပဏီကထုတ်လုပ်သော ဆေးဝါးဖြစ်သည်။ လောလောဆယ်တွင် အမေရိကန်နိုင်ငံ၌ အသုံးပြုနေသော ဦးနှောက်အမြှေးရောင် ကာကွယ်ဆေးသည် ယခုဆေးသစ်လောက် အစွမ်းမထက်ဟု ဗြိတိန်နိုင်ငံ အောက်စဖို့ဒ် တက္ကသိုလ်မှ ပညာရှင် မက်သရူးစနိပ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အင်တာနက် ကျန်းမာရေးသတင်း

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၀–၁–၂၀၀၈
(ကြာသပတေးနေ့)

ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အလေးထားလိုက်နာ

လူမှုစီးပွားရေးအခြေအနေများ တိုးတက်လာမှုနှင့်အတူ မော်တော်ယာဉ်စီးရေနှင့် မော်တော်ယာဉ်သုံးစွဲမှု တစ်နေ့တခြား များပြားလာသည်။ လူနေစည်ကားများပြားသည့် မြို့ကြီးများတွင် နေ့စဉ်သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရန် လိုအပ်သည်။

ယခုအခါ မြို့တွင်းမြို့ပြင်လမ်းများ ကျယ်ဝန်းကောင်းမွန်လျက်ရှိရာ မော်တော်ယာဉ်များ မိုင်နှုန်းမြင့်မောင်းနှင်နေကြသည်။ အချို့သော ယာဉ်မောင်းများက ယာဉ်စည်းကမ်းချိုးဖောက်ခြင်း၊ မဆင်မခြင် မောင်းနှင်ခြင်းတို့ကြောင့် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုများ ဖြစ်ပွားကာ သေကျေ၊ ထိခိုက်ဒဏ်ရာရမှုများနှင့် မကြာခဏကြုံတွေ့နေကြရသည်။

၂၀၀၇ခုနှစ်အတွင်းက ယာဉ်တိုက်မှုပေါင်း ကိုးရာကျော်ဖြစ်ပွားခဲ့ရာ လူတစ်ရာကျော်သေဆုံးပြီး ၁၅၀၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။ နှစ်စဉ်ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုများတွင် ယာဉ်မောင်းသူများ၏ မဆင်မခြင် မောင်းနှင်မှုကြောင့် အများဆုံးဖြစ်ပွားလေ့ရှိပြီး လမ်းဖြတ်ကူးသူများ၏ပေါ့ဆမှုနှင့် ယာဉ်၏စက်ကိရိယာပိုင်း ချွတ်ယွင်းအားနည်းချက်များကြောင့်လည်း ဖြစ်ပေါ်ကြောင်းတွေ့ရသည်။

ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းစေရေးအတွက် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့တွင်း လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ပုဇွန်တောင်၊ ဗိုလ်တထောင်နှင့် ဆိပ်ကမ်းမြို့နယ်တို့ကို ယာဉ်တိုက်မှုကင်းစင်နယ်မြေအဖြစ် သတ်မှတ်ထားပြီး ယင်းနယ်မြေအတွင်း ယာဉ်တိုက်မှုဖြစ်ပွားပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

ယာဉ်များစည်းကမ်းနှင့်အညီ မောင်းနှင်ရေး၊ ခရီးသွားပြည်သူများ လူကူးမျဉ်းကျားနှင့် လူကူးခုံးကျော်တံတားတို့မှ လမ်းဖြတ်ကူးရေး အသိပညာပေးမှုများနှင့်အတူ ယာဉ်ကြောရှုပ်ထွေးမှုများ၊ အဓိကလမ်းမကြီးများတစ်လျှောက် ယာဉ်ကြောပိတ်ဆို့နေမှုများ လျော့နည်းရေးကိုလည်း သက်ဆိုင်ရာတို့က ဆက်လက်ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ မော်တော်ယာဉ်မောင်းများ၊ ခရီးသွားပြည်သူများ၊ အနေ့ယာဉ်များကလည်း သတ်မှတ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အလေးထားလိုက်နာ ဆောင်ရွက်ခြင်းတို့ဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ကြမည်ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၉မိုင် ဗိုလ်ဉာဏ(၃)လမ်းနေ မိခင်ကြီး ဒေါ်လှရင်(မော်ကျွန်း) လေးနှစ်ပြည့်အား ရည်စူး၍ ကျန်ရစ်သူ သား၊ သမီး၊ မြေးတစ်စုတို့က ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ရွာတန်းရှည်ကျေးရွာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ကြာအင်းကျေးရွာအုပ်စု ရွာတန်းရှည်ကျေးရွာ ရွာတန်းရှည်ကျောင်းတိုက်အတွင်း နှစ်စဉ်ကျင်းပသော ခုနစ်ရက်တရားစခန်းပွဲကို ပြာသိုလပြည့်ကျော် ၃ ရက်မှ ၉ ရက် (ဇန်နဝါရီ ၂၅ ရက်မှ ၃၁ ရက်ထိ) ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲ၌ ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ ရွှေရတနာဆရာတော် သာသနာပြု နယ်လှည့်ဓမ္မကထိက အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တကောဝိဒ(မိုးကုတ်)နှင့် သွေးဆေးကန် အရှင်နန္ဒာစရိယ(ခက်သင်)တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းသား၊ သမီး ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့် ထူးချွန်အားကစားသမားများအား ပညာသင်ထောက်ပံ့ကြေးနှင့် ဂုဏ်ပြုဆု ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၉

ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့်ဦးစီးဌာနများမှ ၂၀၀၇–၂၀၀၈ ပညာသင်နှစ်အတွင်း ပညာထူးချွန်ဆု၊ တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးဆုရရှိကြသူ ဝန်ထမ်းသား၊ သမီး၊ ကျောင်းသားကျောင်းသူများနှင့် အားကစားထူးချွန်ဆုရရှိကြသည့် အားကစားသမားများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့်ဇနီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများနှင့် ထူးချွန်ဆုရရှိကြသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကားပြောကြားပြီး ၂၀၀၇–၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူ တစ်ဦးနှင့် ခြောက်ဘာသာဂုဏ်ထူးရရှိသူ နှစ်ဦးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ဝန်ကြီး၏ ဇနီး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက ၂၀၀၇–၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရရှိကြသူ သုံးဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုဆု

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ၂၀၀၇–၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်နှင့် တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက်ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ပြည်ပအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် ထူးချွန်အမျိုးသားအားကစားသမား သုံးဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီး၏ဇနီး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက ပြည်ပအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် ထူးချွန်အမျိုးသမီးအားကစားသမားလေးဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများက ပြည်တွင်းအားကစားပြိုင်ပွဲများ၌ ထူးချွန်စွာ ရွှေတံဆိပ်ဆုရရှိကြသည့် အမျိုးသား၊ အမျိုးသမီး အားကစားသမားများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပညာသင်ထူးချွန်ဆုရရှိသူ ကျောင်းသူတစ်ဦးနှင့် အားကစားထူးချွန်ဆုရရှိသူ အားကစားသမားတစ်ဦးတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားကြသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ၂၀၀၇–၂၀၀၈ ပညာသင်နှစ် ပညာထူးချွန်ဆု၊ တက္ကသိုလ်ပညာသင် ထောက်ပံ့ကြေးဆု ရရှိကြသူ ဝန်ထမ်းသား၊ သမီး၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားထူးချွန်ဆုရရှိကြသည့် အားကစားသမားများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အခြေခံစာရင်းကိုင်သင်တန်းဆင်းပွဲကျင်းပ ပျိုရွယ်သူများ မျိုးဆက်ပွား ကျန်းမာရေးပညာပေး

ရန်ကုန် ဇန်နဝါရီ ၉

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ကြီးမှူးဖွင့်လှစ်သည့် အခြေခံစာရင်းကိုင် သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက်တွင် တောင်ကြီးမြို့ ပညာရေးကောလိပ် ပညာရတနာခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်သင်းမျိုးမျိုးအောင်က သင်တန်းဆင်း အမှာစကားပြောကြားသည်။

ထို့နောက် တောင်ကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ဖွင့်လှစ်ထားသည့် ပျိုရွယ်သူများ မျိုးဆက်ပွားကျန်းမာရေး၊ အသိပညာပေးသင်တန်း၌ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်းကောင်း၊ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာဒေါ်ဥမ္မာဝင်းက ပျိုရွယ်သူများ မျိုးဆက်ပွားကျန်းမာရေးကိုလည်းကောင်း ရှင်းလင်း ဆွေးနွေးကြသည်။ ဆက်လက်၍ တိုင်းမှူး၏ ဇနီးနှင့်အဖွဲ့သည် တောင်ကြီးမြို့ ညောင်ဖြူစခန်းရှိ အသင်းပိုင် သားဖွားခန်းသို့ သွားရောက်ပြီး သားဖွားခန်းသုံးပစ္စည်းကိရိယာများ ပြင်ဆင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့အတူ ဒေသအစားအစာပြုလုပ်နည်း သင်တန်းကို ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံးခန်းမ၌ ဒီဇင်ဘာ ၁၈ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စမ်းချောင်းလမ်း ၁၀ရက် တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၉

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အကျင့်မြတ် အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းသည် ဇန်နဝါရီ ၁၃ ရက်မှ ၂၂ ရက်အထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၉ ဒုတိယလွှာတွင် မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီအထိ နေ့စဉ် ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို တရားအားထုတ်နိုင်ပြီး ဖုန်း– ၅၁၉၀၉၆သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

ပန်းဘဲတန်းမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း၂၀၀၇–၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဒီဇင်ဘာ ၃ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ပထမတန်းတွင် ပညာရည်ချွန်ဆု၊ ဘက်စုံထူးချွန်ဆုရ ပထမတန်းမှ မောင်ခင်မောင်စန်းအား ကျောင်းအုပ်ဆရာကြီး ဦးစိုးတင့် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာနိုင်ငံပြင်ပ၌ အင်အားပြင်းထန်သော မြေငလျင်လှုပ်ရှား

နေပြည်တော် ဇန်နဝါရီ ၉

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၉ ရက် ညနေ ၃ နာရီ ၅၀စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်မြောက်ဘက်မိုင် ၁၃၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာ စကေး ၆ ဒသမ ၃ အဆင့်ရှိအင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ကိုးဘွဲ့ရဆရာတော်၏ ဇန်နဝါရီလဓမ္မသဘင်များ

ရန်ကုန် ဇန်နဝါရီ ၉

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် ဇန်နဝါရီ ၁၁ရက် ညနေ ၄နာရီနှင့် ည ၈နာရီတို့တွင် သာကေတမြို့နယ် ၃/ရန်ပြေ သာသနဟိတဓမ္မာရုံ ကလေးတရားပွဲ ညလူကြီးတရားပွဲ နှစ်ပွဲ၊ ၁၂ရက်တွင် တောင်ဥက္ကလာပမြို့နယ်(၄)ရပ်ကွက် ကေတုမာလာရိပ်သာ အထူးပွဲ၊ ၁၃ရက် ညနေ ၆နာရီတွင် တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် ကောလိယ ၂၆လမ်း ဆည်းဆာပွဲ၊ ည ၈နာရီတွင် ကျောက်တံတားမြို့နယ် (၅)ရပ်ကွက် ၃၇လမ်းအောက်ဘလောက် အထူးပွဲ၊ ၁၄ရက်နှင့် ၁၅ရက် ည ၆နာရီနှင့် ည ၈နာရီတို့တွင် တောင်ဒဂုံမြို့သစ် (၁၀၅)ရပ်ကွက် မလွန်ဆန်လှူဆည်းဆာများနှင့် တောင်ဒဂုံမြို့သစ်(၂၃)ရပ်ကွက် စက်မှုဇုန်(၁) ပြုံးမောင်မောင်သဲဒိုင် ရှင်ဥပဂုတ္တပူဇော်ပွဲလေးပွဲ၊ ၁၆ရက် ညနေ ၆နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ဗားကရာဓမ္မာရုံဆည်းဆာ၊ ည ၈ နာရီတွင် လှိုင် (၃)ရပ်ကွက် (၁၁)လမ်း ဆွမ်းလောင်းအောင်ပွဲတို့တွင် တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရှိရသည်။ (က-ပ)

စာပေဟောပြောပွဲ အင်္ဂပူမြို့နယ်၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

ဧရာဝတီတိုင်း ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ အင်္ဂပူမြို့နယ် စာပေဟောပြောပွဲကျင်းပရေးကော်မတီ၏ ဦးဆောင်မှုဖြင့် အင်္ဂပူမြို့နှင့် မဲဇလီကုန်း မြို့တို့တွင် ဇန်နဝါရီ ၄ ရက်နှင့် ၅ ရက်တို့၌ စာဆိုတော်နေ့အထိမ်းအမှတ်စာပေဟောပြောပွဲကျင်းပခဲ့ရာ ရန်ကုန်မြို့မှ လူငယ်ဆရာဝန်စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး (ဆေးတက္ကသိုလ်)၊ အမျိုးသားစာပေဆုရ စာရေးဆရာကျော်ဝင်းနှင့်ကြည်နိုင်၊ စာရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)၊ စာရေးဆရာချစ်ဦးညိုတို့က ဟောပြောခဲ့ကြကြောင်း သိရသည်။ အဆိုပါဟောပြောပွဲမစတင်မီ အင်္ဂပူမြို့ စံကျောင်းပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒ(အဂ္ဂမဟာ အကျော်)အား သက်န်းဒွိစုံနှင့်၎င်းမြို့နယ်စာကြည့်တိုက်များအတွက် မီးအိမ်ရှင်စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိခဲ့သော စာအုပ်များကို စာရေးဆရာမဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး (ဆေးတက္ကသိုလ်)က ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။
(အောက်ပုံ) (ကြေးမုံ)

ဝေးဝေးရှောင်ကြ ထာဝရ

❒ လန်းဆန်းစိတ်တွေ၊ ညှိုးမှိန်စေသည့်
တွေဝေထွေပြား၊ ကစဉ့်ကလျားဖြစ်
အင်အားခန္ဓာ၊ ယုတ်လျော့လာပြီး
သန်မာမှုကင်း၊ ကျန်းမာခြင်းလည်း
ယိုယွင်းလို့သာ၊ စိတ်ကျလာလျက်
ဘာမှဘာဆို၊ မလုပ်လိုတော့
စိတ်အိုရုပ်အို၊ ဘဝတိုအောင်
ဝါးမျိုသွေးသား၊ လုံးပါးပါးမည့်
ဆေးဝါးမူးယစ်၊ ရန်သူစစ်။ ။

❒ မူးယစ်ဆေးဝါး၊ စွဲလမ်းသွားသော်
သွေးသားခြောက်ခန်း၊ ဘဝလမ်း၏
ရည်မှန်းချက်များ၊ ပျောက်ပျက်သွားကာ
စီးပွား,ပညာ၊ ကျန်းမာ,လူမှု
မိသားစုရေး၊ ဘယ်မတွေးတော့
ဆေး...ဆေး...ဆေး...ဆေး၊ မူးယစ်ဆေးသာ
တရေးတခင်၊ တမင်မင်နှင့်
ညှို့ငင်ရီဝေ၊ တတွေတွေနှင့်
ရီဝေယစ်မူး၊ စည်းစိမ်ထူးဟု
ရူးရူးမိုက်မိုက်၊ သဘောပိုက်လျက်
အသက်,ခန္ဓာ၊ မငဲ့ညှာတော့
ရောဂါစုံကာ၊ သေမင်းရွာသို့
လားရာမကောင်း၊ သိမနှောင်းနှင့်
မကောင်းကျိုးပေး၊ မူးယစ်ဆေးကို
ဝေးဝေးရှောင်ကြ၊ ထာဝရ။ ။

နေမွန်ရွှေဝင်း

ကောင်းသောအမှု ပြုပါလေ

ကိစ္စအမှုတစ်ခုခုကို ပြုလုပ်မိသော် စိုးရိမ်ပူပန် နောင်တရခြင်းမရှိ။ ထိုအမှု၏ ကောင်းကျိုးကိုလည်း ဝမ်းမြောက်ကြည်နူး ခံစားရ၏။ ထိုအမှုကို ကောင်းမှုဟု မှတ်ယူရာ၏။

(ဓမ္မပဒ ၆၈)

မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီတော်မြတ်ကြီးအတွက် ရွှေပြားတစ်ချပ်နှင့်ငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၉

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူရန်နှင့် ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၁၃ရက်တွင် အဆိုပါစေတီတော်မြတ်ကြီး၏ ဝိသာခါဝတ်တော်ကြီး၌ကျင်းပရာ ရဲကျောင်းစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော်ထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် အလှူရှင်များ၏ အလှူငွေပေးအပ်ပွဲကိုကျင်းပရာ မော်လမြိုင်မြို့ ရွှေတောင်ရပ်နေ ဒေါ်ခင်ကြည်၊ ဒေါ်ရွှေးကြည် မောင်နှမတစ်စုက **(အပေါ်ပုံ)** ရွှေ ၁၀ ကျပ်သားရှိ ကိုးလက်မပတ်လည် ရွှေပြားတစ်ချပ်၊ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်နေ ဦးချစ်လှိုင်မိသားစုက ငွေကျပ်သုံးသိန်း၊ ပဲခူးမြို့နေ ဦးတင်ရွှေမိသားစုက ငွေကျပ်နှစ်သိန်းနှစ်သောင်းငါးထောင်၊ ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်ခင်ဝင်းကြည်မိသားစုနှင့်မော်လမြိုင်မြို့နေ ဦးစံမြင့်၊ ဒေါ်အေးမြင့် မိသားစုတို့က ငွေကျပ်တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြပြီး ဘုရားဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်က လက်ခံရယူကာ အလှူရှင်များအား ဂုဏ်ပြုလွှာများကို ပေးအပ်သည်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ဂုဏ်ပြု တွံတေးမြို့နယ် ညောင်တံခါးဂဝံလမ်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၉

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော ကျေးလက်လမ်းတံတားလုပ်ငန်းမှ ညောင်တံခါးဂဝံလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၃ရက် နံနက် ၉နာရီတွင် ကျင်းပရာ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့် တက်ရောက်သည်။ အဆိုပါညောင်တံခါးလမ်းအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြလင်းနှင့် ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ် ဦးမောင်ပုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ **(အပေါ်ပုံ)**

ထို့အတူ ဇန်နဝါရီ ၄ရက်တွင် ခလောက်ချိုက်ကျေးရွာ ရေကန်အဆင့်မြှင့်လုပ်ငန်းနှင့် ပဒန်ရေကျော်ကျေးရွာ ရေကန်အဆင့်မြှင့်လုပ်ငန်းတို့ကို သက်ဆိုင်ရာ ရပ်ကွက်ဥက္ကဋ္ဌများ၊ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမြလင်းတို့က ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။
(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၏ (၁၆)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၁၃ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့

ရန်ကုန် ဇန်နဝါရီ ၉

ကျောက်တံတားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးနှင့် အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၃၀ရက်က ကျောက်တံတားမြို့နယ် အထက စည်းဝေးခန်းမဆောင်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနား ပထမပိုင်းတွင် အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးစာပေပညာရှင် ၁၂ ဦးတို့အား မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များက ကန်တော့ငွေနှင့် ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ အမှုဆောင်အဖွဲ့ နှစ်ပတ်လည်အစီရင်ခံစာကို အမှုဆောင် ဦးအောင်လွင် (အောင်ကျော်ဇော)က ဖတ်ကြားတင်သွင်းပြီး ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဒေါ်တင်တင်လွမ်း(တင်ဇာမင်း) က ဖတ်ကြားတင်ပြရာ အများသဘောတူ အတည်ပြုကြသည်။ (၃၂)

စက်မှု(၁) ဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

စက်မှု(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်များကို စစ်ကိုင်းတိုင်း ကသာမြို့ မြို့နယ်အားကစားကွင်း၌ ဇန်နဝါရီ ၈ ရက်မှ ၁၇ ရက်အထိ၊ မန္တလေးတိုင်း မိတ္ထီလာမြို့ ထီးသုံးဆင့်ဘုရားဝင်းအတွင်း၌ ဇန်နဝါရီ ၁၁ရက်မှ ၁၇ ရက်အထိ၊ ရန်ကုန်တိုင်း လှိုင်မြို့နယ် လှိုင်အားကစားကွင်း၌ ဇန်နဝါရီ ၁၂ ရက်မှ ၂၁ ရက်အထိ၊ ကချင်ပြည်နယ် မိုးကောင်း ရွှေသာလျောင်းဘုရားဝင်း၌ ဇန်နဝါရီ ၁၆ရက်မှ ၂၂ရက်အထိ၊ ဧရာဝတီတိုင်း မအူပင်မြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ဇန်နဝါရီ ၁၀ ရက်မှ ၁၉ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထိန်းချုပ်တားဆီးကာကွယ် ဆေးလိပ်အန္တရာယ်

သန်းစော(ဥပဒေ)

ဆေးလိပ်သောက်မှုကြောင့် ကျန်းမာရေးကို ထိခိုက်နိုင်သဖြင့် အများပြည်သူတို့အနေဖြင့် ဆေးလိပ်သောက်မှုကို ရှောင်ကြဉ်သင့်ပါသည်။ ကလေးသူငယ်များနှင့် လူငယ်လူရွယ်တို့သည် ဆေးလိပ်ကို စမ်းသပ်သောက်ရာမှ စွဲစွဲမြဲမြဲသောက်ကာ ဆေးလိပ်စွဲလာတတ်ပါသည်။ ဆေးလိပ်စွဲလာပြီ ဆိုလျှင် ဖြတ်ရန်မလွယ်ကူတော့ပါ။ စွဲစွဲမြဲမြဲသောက်ခြင်းကြောင့်လည်း ဆိုးရွားသောရောဂါများရရှိလာ၍ စီးပွားရေးနှင့် လူမှုရေးဆိုးကျိုး အမျိုးမျိုးကျရောက်ကာ သက်တမ်းမစေ့မီ ဘဝဆုံးရှုံးရပါသည်။ ထို့ကြောင့် အများပြည်သူတို့အနေဖြင့် ဆေးလိပ်သောက်ခြင်းကို ထိန်းချုပ်တားဆီးကာကွယ်ကာ တိုက်ဖျက်သွားကြရပေမည်။ ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင်ကိုဖန်တီးကြမှသာလျှင် အများ ပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေသည့် အန္တရာယ်မှ ကင်းဝေးနိုင်ကြမည်ဖြစ်ပေသည်။

ဆေးလိပ်သောက်မှုကြောင့် ဖြစ်ပွားစေနိုင်သော ရောဂါတို့မှာ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ လေဖြတ်ရောဂါ၊ သွေးကြောကျဉ်းရောဂါ၊ အဆုတ်ရောဂါ၊ ခံတွင်းကင်ဆာရောဂါ၊ သွားကင်ဆာရောဂါတို့ ဖြစ်ပါသည်။ သို့သော် ယနေ့ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သူ အမျိုးသား သန်း ၉၀၀ ရှိပြီး အမျိုးသမီး သန်း၂၀၀ရှိကြသဖြင့် စုစုပေါင်း သန်း၁၁၀၀ ရှိပေသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (W.H.O) ၏ ခန့်မှန်းချက်အရ ဆေးလိပ်ကြောင့် သေဆုံးသူတို့အနက် လေးပုံ၊ သုံးပုံခန့်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ပြီး ဆေးလိပ်အန္တရာယ်ကြောင့် သေဆုံးသူတစ်နှစ်လျှင် ငါးသန်းနီးပါးရှိကြောင်း၊ နောက်လာမည့် နှစ်သုံးဆယ်အတွင်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ခုနစ်ဆယ်ရာခိုင်နှုန်း ပိုမိုတိုးမြင့်လာနိုင်ကြောင်းလည်း ခန့်မှန်းထားပါသည်။

ဆေးလိပ်သောက်ခြင်းသည် ဆေးလိပ်သောက်သူကို ရောဂါဖြစ်ပွားစေနိုင်သည်သာမက အနီးအနားတွင်ရှိသော ဆေးလိပ်သောက်ခြင်း မရှိသူလည်း တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်ရ၍ ကျန်းမာရေး ထိခိုက်နိုင်ကြောင်း ထင်ရှားနေပါသည်။ ထို့ကြောင့်လုပ်ငန်းခွင်များနှင့် အများပြည်သူတို့နှင့် သီးခြားဖြစ်စေသည့် နေရာများ၌ပါ ဆေးလိပ်သောက်သုံးမှုကို တစ်ကမ္ဘာလုံးတွင် ပိတ်ပင်တားဆီးသွားရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (W.H.O)က ၂၉-၅-၂၀၀၇နေ့က ဆော်ဩခဲ့ပါသည်။ ထို့အပြင် ဆေးလိပ်မသောက်ရေးနေ့ ဖြစ်သည့် ၃၁-၅-၂၀၀၇နေ့တွင် (Smoke Free Environments) "ဆေးလိပ်ငွေ့ ကင်းစင်ရေး ဝိုင်းဝန်းကူညီပေး"ဟူ၍ ဆော်ဩခဲ့ပါသည်။

ဆေးလိပ်သောက်သုံးမှုထိန်းချုပ်တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ၄-၅-၂၀၀၆ ရက် နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး၎င်းဥပဒေပုဒ်မ ၁(ခ) အရ တစ်နှစ် ပြည့်မြောက်ပြီးသည့်နေ့ ၄-၅-၂၀၀၇ ရက်နေ့တွင် စတင်အာဏာတည်စေခဲ့ပါသည်။ ၎င်းဥပဒေ၏ပုဒ်မ ၃ တွင် ရည်ရွယ်ချက်ကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

(က) **ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုကြောင့် ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း အများပြည်သူတို့ နားလည်သဘောပေါက်ပြီး ဆေးလိပ်နှင့်ဆေးရွက်ကြီး ထွက်ပစ္စည်း သောက်သုံးမှုမှ ရှောင်ကြဉ်ရန်၊**

(ခ) **ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင်ကိုဖန်တီးခြင်းဖြင့် အများပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေသည့် အန္တရာယ်မှ ကာကွယ်ရန်၊**

(ဂ) **ကလေးသူငယ်နှင့် လူငယ်များအပါအဝင် အများပြည်သူတို့ကို ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးခြင်း အလေ့အထမှ တားဆီးကာကွယ်ခြင်းဖြင့် ကျန်းမာသော နေထိုင်မှုဘဝရရှိစေရန်၊**

(ဃ) **ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ခြင်းဖြင့် အများပြည်သူတို့၏ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးအဆင့်အတန်းမြင့်မားလာစေရန်၊**

(င) **ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံက လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်။**

အဆိုပါဥပဒေအရ အစိုးရအဖွဲ့သည် ဆေးလိပ်နှင့်ဆေးရွက်ကြီး သောက်သုံးမှု ထိန်းချုပ်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းထားပြီး ၎င်းအဖွဲ့သည် ၎င်းဥပဒေ၏ ရည်ရွယ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မူဝါဒ ချမှတ်ခြင်း၊ စီမံဆောင်ရွက်ခြင်း၊ လမ်းညွှန်ခြင်းအပြင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် တာဝန်များရှိကြောင်း ပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို အများပြည်သူအကြားတွင်သောက်သုံးခြင်းဖြင့် ကျန်းမာရေးဆိုးကျိုးများမှ ကာကွယ်ရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ လိုအပ်ချက်များ သတ်မှတ်ခြင်းတို့အပြင် ကုသမှုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်တာဝန်ရှိကြောင်း ပြဋ္ဌာန်းထားပါသည်။

ဆေးရုံ၊ ဆေးခန်း၊ ကျောင်း၊ တက္ကသိုလ်၊ မော်ကွန်းတိုက်နှင့် ပြတိုက်တို့ကို ဆေးလိပ် လုံးဝသောက်ခွင့်မရှိသော နေရာများအဖြစ်

ကျောင်းသားလူငယ်တို့ လွယ်ကူစွာ ဆေးလိပ်သောက်သုံးခြင်းမှ ကင်းဝေးစေရန် အလို့ငှာ ကျောင်းပရဝုဏ်အတွင်းနှင့် ၎င်းမှပေတစ်ရာအတွင်း ဆေးလိပ်ရောင်းချခြင်း မပြုလုပ်ရန် တားမြစ်ထားသကဲ့သို့ အသက် ၁၈နှစ် မပြည့်သူတို့အားလည်း ဆေးလိပ် ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ရောင်းချရန် စေခိုင်းခြင်းမပြုလုပ်ရန် အတွက် ပုဒ်မ ၁၃(က)၊ (ဃ)နှင့်(င)တွင် ပြစ်ဒဏ်များပြဋ္ဌာန်း၍ တားမြစ်ထား။

သတ်မှတ်ထားပါသည်။ လူအများဝင်ထွက်သွားလာနိုင်သည့် ရုံး၊ ဌာန၊ စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ ဘူတာရုံ၊ လေဆိပ်နှင့် သင်္ဘောဆိပ်အဆောက်အအုံတို့သည် ဆေးလိပ်သောက်ခွင့်မရှိသော နေရာများဖြစ်ကြောင်းနှင့် ယင်းနေရာများတွင် ဆေးလိပ်သောက်ရန်သီးသန့်နေရာများစီစဉ်ထားရှိရမည်ဖြစ်ကြောင်းကိုလည်း ပြဋ္ဌာန်းထားပါသည်။ ကျောင်း၊ ကောလိပ်၊ တက္ကသိုလ်၊ သိပ္ပံနှင့်သင်တန်းကျောင်းတို့တွင် ဆေးလိပ်သောက်သည်ကို တွေ့ရှိရပါက တာဝန်ခံပုဂ္ဂိုလ်မှ စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူရန် ပြဋ္ဌာန်းထားခြင်းမှာ စိတ်ဝင်စားဖွယ် ပြဋ္ဌာန်းချက်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ရောင်းကုန်ပစ္စည်းများကို ကြော်ငြာခြင်းဖြင့် အဆိုပါရောင်းကုန်ပစ္စည်းကို လူအများကြိုက်နှစ်သက်ပြီး အလွယ်တကူ ဝယ်ယူသုံးစွဲကြရန် ရည်ရွယ်၍ ကြော်ငြာလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ သို့သော် ယင်းဥပဒေတွင် ကြော်ငြာခြင်းကိုတားမြစ်ကြောင်းအတိအလင်း ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၁၁ တွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများကို ဆိုင်းဘုတ်ထောင်၍ ကြော်ငြာခြင်း၊ စာနယ်ဇင်းများမှ ကြော်ငြာခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဖြင့်ဖြစ်စေ၊ အဆင့်မြင့်နည်းပညာသုံး ဆက်သွယ်ရေးစနစ်ဖြင့်ဖြစ်စေ လွှင့်ထုတ်ခြင်းသို့မဟုတ် ပြသခြင်းဖြင့် ကြော်ငြာခြင်းမပြုရန်နှင့် ဖောက်ဖျက်ကျူးလွန်ပါက ပြစ်ဒဏ်ကျခံရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။ "ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ကြောင်း" မြန်မာဘာသာဖြင့် သတိပေးစာတန်းနှင့် အခြားသတိပေးစာတန်းကို ဆေးလိပ်ထုပ်တွင် ဖော်ပြထားရမည်ဟု ဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသဖြင့် အများပြည်သူတို့ အဆိုပါစာတန်းကိုဖတ်ရှု၍ စဉ်းစားဆင်ခြင်ပြီး မိမိကိုယ်ကိုယ်မိမိ ထိန်းချုပ်ကာ ဆေးလိပ်သောက်ခြင်းမှ ကင်းဝေးကြမည်ဖြစ်ပါသည်။ အဆိုပါစာတန်းကို သက်ဆိုင်ရာဆေးလိပ်ထုပ်တွင် ဖော်ပြခြင်းမပြုပါက ပြစ်မှုထင်ရှား စီရင်ခြင်းခံရမည်ဟုလည်း ၎င်းဥပဒေပုဒ်မ ၁၃(က)တွင် ပြဋ္ဌာန်းထားပါသည်။ ထို့အပြင် ဆေးလိပ်ပုံသဏ္ဌာန် ပြုလုပ်ထားသော ကစားစရာပစ္စည်း၊ စားသောက်ဖွယ်ရာပစ္စည်း၊ အခြားကုန်ပစ္စည်းတစ်ခုခုကို ဝယ်ယူရာမှ စိတ်ဝင်စားလာပြီး ကလေးသူငယ်နှင့် လူငယ်များ ဆေးလိပ်ကို စမ်းသပ်သောက်သုံးလာနိုင်သဖြင့် အဆိုပါပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းပြုလုပ်ပါက ပြစ်ဒဏ် ကျခံရမည်ဟု ပုဒ်မ ၁၃(င)တွင် ပြဋ္ဌာန်းထားပါသည်။

ကျောင်းသားလူငယ်တို့ လွယ်ကူစွာ ဆေးလိပ်သောက်သုံးခြင်းမှ ကင်းဝေးစေရန်အလို့ငှာ ကျောင်းပရဝုဏ်အတွင်းနှင့် ၎င်းမှပေတစ်ရာအတွင်း ဆေးလိပ်ရောင်းချခြင်းမပြုလုပ်ရန် တားမြစ်ထားသကဲ့သို့ အသက် ၁၈နှစ် မပြည့်သူတို့အားလည်း ဆေးလိပ်ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ရောင်းချရန် စေခိုင်းခြင်းမပြုလုပ်ရန်အတွက် ပုဒ်မ ၁၃(က)၊ (ဃ)နှင့်(င)တွင် ပြစ်ဒဏ်များပြဋ္ဌာန်း၍ တားမြစ်ထားပါသည်။

ယခင်က စီးကရက်ကို တစ်လိပ်ချင်းမှ သုံးလိပ်၊ လေးလိပ်၊ ငါးလိပ် စသည်ဖြင့် မိမိစိတ်ကြိုက် အလွယ်တကူ ဝယ်ယူ သောက်နိုင်ပါသည်။ ၎င်းဥပဒေအရ စီးကရက်ကို လွယ်ကူစွာ ဝယ်ယူသုံးစွဲခြင်းမှ ကင်းဝေးစေရန် တစ်လိပ်ချင်းဖြစ်စေ၊ အလိပ် ၂၀ ထက်နည်းသော အထုပ်ဖြင့်ဖြစ်စေ ရောင်းချခြင်းမပြုရန် တားမြစ်ထားပြီး ဖောက်ဖျက်ကျူးလွန်ပါက ပြစ်ဒဏ်ခံရမည်ဖြစ်ကြောင်း ပုဒ်မ ၁၅(က)တွင် ပြဋ္ဌာန်းထားပါသည်။

ထို့ကြောင့် ဆေးလိပ်သောက်သုံးမှုကို ဥပဒေပြဋ္ဌာန်းပြီး ထိန်းချုပ်တားဆီး ကာကွယ်ထားသဖြင့် လူတိုင်းလူတိုင်းသည် ပြဋ္ဌာန်းဥပဒေကို လိုက်နာကြရပါမည်။ ထို့ပြင် ကျောင်းများတွင် ဆရာ၊ ဆရာမများကလည်းကောင်း၊ နေအိမ်များတွင် မိဘနှစ်ပါးကလည်းကောင်း၊ ရပ်ကွက်ထဲတွင် လူကြီးသူမများက လည်းကောင်း ဆေးလိပ်သောက်ခြင်း မပြုရန် တားမြစ်ကြရပေမည်။ ထို့ပြင် ဆေးလိပ်သောက်သူ ကလေးသူငယ်နှင့် လူငယ်များကို ဆုံးမသွန်သင်ပေးကြရပါမည်။ သို့မှသာ ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးခြင်းဖြင့် နောင်အနာဂတ်တွင် ပြည်သူတစ်ရပ်လုံး ကျန်းမာရေးပိုမိုကောင်းမွန်ပြီး စီးပွားရေးနှင့် လူမှုရေးတို့ပါ အဆင့်အတန်းမြင့်မားလာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဒီဇင်ဘာ ၂၉ရက်က အထက(၃)၌ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသန်းက "အလိမ္မာစာမှာရှိ" ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။ (မြို့နယ်ပြန်/ဆက်)

ပညာရေး စုံညီပွဲတော် ကျင်းပ

ကျောက်တန်း ဇန်နဝါရီ ၉

၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က ကျောက်တန်းမြို့အထက(၁)၊ အထက (၂) (သော်ကကျောင်း)နှင့် အလက (မြို့မ)တို့၌ ကျင်းပရာ ပညာရေးဌာနဝန်ထမ်းများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊မိဘဆရာအသင်းတို့မှ အမှုဆောင်များ၊ ဆရာ၊ ဆရာမများ၊ မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ပညာရေးစုံညီပွဲတော်တွင် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊မိဘဆရာအသင်းတို့မှသက်ကြီးအမှုဆောင်များအား ပူဇော်ကန်တော့ကြပြီး ထူးချွန်ကျောင်းသားများအား ဆုချီးမြှင့်သည်။ (၇၄)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၁-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၂၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅:၀၀ ၆။ အမျိုးသားရေးတေးကဗျာ
၅:၂၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ **ကာတွန်းအစီအစဉ် "ငါးကလေးရဲ့စွန့်စားခန်း (အပိုင်း-၁၂)**
၆:၃၅ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဒီလှိုင်းနှင့်အတူ (အပိုင်း-၇)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ကုန်သွယ်သုတ
၂၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သိမ်းငှက်သူရဲကောင်း(ဒုတိယတွဲ) (အပိုင်း-၂၁)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဆာဒါးဒေသဒုက္ခသည်စခန်းရှိ မိသားစုတစ်စုကို ဇန်နဝါရီ ၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ပြည်ပအလုပ်သမားဦးရေ မလေးရှား လျှော့ချမည်

ကွာလာလမ်ပူ ဇန်နဝါရီ ၈

မလေးရှားအစိုးရသည် ဆောက်လုပ်ရေးနှင့် စက်မှုကဏ္ဍမှ ပြည်ပအလုပ်သမားများ လျှော့မည့်နည်းလမ်းများကို စဉ်းစားသုံးသပ်နေကြောင်း စတားသတင်းစာက တနင်္လာနေ့တွင် ရေးသားသည်။ ပြည်ပအလုပ်သမားဦးရေသည် မလေးရှားနိုင်ငံတွင် နှစ်သန်းခန့်ရှိနေပြီး ပြည်ပအလုပ်သမား များပြားမှုနှင့်ပတ်သက်၍ စိုးရိမ်မကင်းဖြစ်လျက်ရှိကြောင်း စတားသတင်းစာက လူအင်အားအရင်းအမြစ်ဝန်ကြီး ဖွန်ချန်အွန်၏ ပြောကြားချက်ကို ကိုးကား၍ ရေးသားဖော်ပြသည်။

မလေးရှားအစိုးရက ဆောက်လုပ်ရေးလုပ်ငန်းများရှိအလုပ်ကြမ်းသမားများကို လျှော့ချရန် တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုအပ်သည့်နေရာများတွင် ဒေသခံမလေးရှား အလုပ်သမားများဖြင့် အစားထိုးမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍ၌ အလိုအလျောက် စက်ယန္တရားများ အသုံးပြုကာ အလုပ်သမားဦးရေ လျှော့ချရန်စီစဉ်ထားကြောင်း ဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဒီမိုကရက်တစ်ပါတီသမ္မတလောင်း ရွေးချယ်ပွဲ ဟီလာရီကလင်တန် ဒုတိယနေရာ၌ရှိ

ဝါရှင်တန် ဇန်နဝါရီ ၈

အမေရိကန်နိုင်ငံတွင် သမ္မတလောင်း ရွေးချယ်ရေးအတွက် ဒီမိုကရက်တစ်ပါတီက ဘက်ဖို့(အမေရိကန်ပြည်ထောင်စု) ပြည်နယ်အဆင့် အခြေခံရွေးကောက်ပွဲများ ကျင်းပလျက်ရှိကြောင်း၊ဒီမိုကရက်တစ်ပါတီမှဘာရက်အိုဘားမားက ၎င်း၏ပြိုင်ဘက်ဟီလာရီကလင်တန်ထက်နယူးဟမ်ရှိုင်းယားပြည်နယ် ရွေးကောက်ပွဲတွင် ထောက်ခံမဲ ၁၀ရာခိုင်နှုန်းသာလွန်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အီလီနွိုက်စ်ပြည်နယ်မှ အထက်လွှတ်တော်အမတ်တစ်ဦးဖြစ်သူ အိုဘားမားက ထောက်ခံမဲ ၃၉ ရာခိုင်နှုန်း၊ နယူးယောက်မှ အထက်လွှတ်တော်အမတ်နှင့် သမ္မတဟောင်းကတော်ဖြစ်သူ ဟီလာရီကလင်တန်က ၂၉ ရာခိုင်နှုန်း ထောက်ခံမဲ ရရှိခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

မြောက်ကယ်ရိုလိုင်းနား ပြည်နယ်မှ အထက်လွှတ်တော်အမတ်ဖြစ်သူ ဂျွန်အက်ဝပ်က မဲရွေးချယ်ပွဲတွင် ၁၆ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင် ရှိနေသည်။ ပြည်သူများက ဒီမိုကရက်တစ် ပါတီသမ္မတလောင်း ရွေးချယ်ပွဲတွင် ဟီလာရီကလင်တန် နိုင်ခြေရှိသည်ဟု တွေးထင်ထားလင့်ကစား တနင်္ဂနွေနေ့က ကျင်းပသည့်အခြေခံရွေးကောက်ပွဲ၌ အိုဘားမားက ၄၂ ရာခိုင်နှုန်း၊ ဟီလာရီကလင်တန်က ၃၁ ရာခိုင်နှုန်း ရရှိခဲ့ သည်ဟု စီအင်န်အင်န်ညွှန်ကြားရေးမှူး ကီတင်ဟောလန်က ပြောကြားသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

ကြက်ငှက်တုပ်ကွေးရောဂါ တရုတ်၌ ထိန်းချုပ်နိုင်

ပေကျင်း ဇန်နဝါရီ ၈

တရုတ်နိုင်ငံအနောက်ပိုင်း စင်းကျန်ဒေသ မွေးမြူရေးခြံ၌ဖြစ်ပွားသော ကြက်ငှက်တုပ်ကွေးရောဂါ H_5N_1၊ ဗိုင်းရပ်ပိုးကို အချိန်မီတားဆီးလိုက်နိုင်ကြောင်း ပြည်နယ်သတင်းဌာနက ဖော်ပြသည်။ တာပန်မြို့ရှိ အာဏာပိုင်များသည် ကြက်ငှက်အကောင် ၃၅၀၀၀ ကျော်ကို သတ်ဖြတ်ခဲ့ကြောင်း၊ လူသို့ ကူးစက်မှုမျိုးမတွေ့ရကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ကျန်စုပြည်နယ်အရှေ့ပိုင်းတွင် အသက်၂၄နှစ်အရွယ်ရှိ အမျိုးသားတစ်ဦး ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးပြီးတစ်လအကြာ စက်တင်ဘာလကတည်းက ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့သည်။ ယခုနှစ် ဆောင်းရာသီသည် ပိုမိုပူနွေးမှုကြောင့် တာပန်မြို့အနီးသို့ ဆောင်းခိုငှက်များ ပိုမိုရောက်ရှိလာကြပြီး ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှု အခွင့်အလမ်း ပိုမိုများပြားလာခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ တာဝန်ခံတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ဆင်ဟွာ၌ ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

မက္ကဆီကိုတပ်ဖွဲ့နှင့် မူးယစ်ဂိုဏ်း တိုက်ပွဲဖြစ်ပွား

မွန်တာရီ(မက္ကဆီကို) ဇန်နဝါရီ ၉

အမေရိကန်နိုင်ငံ နယ်စပ်မြို့အနီးတွင် ဇန်နဝါရီ ၇ ရက်က မက္ကဆီကိုတပ်ဖွဲ့များနှင့် မူးယစ်ဆေးဝါးဂိုဏ်းတို့ တိုက်ပွဲဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း မက္ကဆီကိုသတင်းဌာနက ပြောကြားသည်။

တက္ကဆတ်ပြည်နယ် မက်အယ်လင်နယ်စပ်အတွင်း ရီအိုဘရာဗိုမြို့ရှိ မူးယစ်ဆေးဝါး သိုလှောင်ထားသော အိမ်တစ်အိမ်ကို ရှာဖွေစဉ် တပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်မူးယစ်ဂိုဏ်းသား ၂၀ တို့ တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။မွန်တာရီစက်မှုမြို့ မြောက်ဘက်နယ်စပ်ဒေသရှိ မြို့အများအပြားကို အင်အားကြီး မက္ကဆီကိုပင်လယ်ကွေ့ မူးယစ်ဆေးဝါးရောင်းဝယ်သူများနှင့် လက်နက်ကိုင်ဂိုဏ်းများက ကြီးစိုးလျက်ရှိသည်။

ရီအိုဘရာဗိုမြို့တွင် နိုဝင်ဘာလက နိုင်ငံရေးသမားတစ်ဦးကို မူးယစ်ဂိုဏ်းက သတ်မှုဖြစ်ပွားပြီးနောက် သမ္မတဖီးလစ်ကယ်ဒါရွန်က တပ်ဖွဲ့ဝင် ၃၀၀၀နှင့် ဖက်ဒရယ်ရဲတပ်ဖွဲ့ကို ရီအိုဘရာဗိုမြို့သို့ ဒီဇင်ဘာလတွင် စေလွှတ်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဆိုနီကုမ္ပဏီက ပြသကြော်ငြာသည့် ၅၀ဂိုင်ဂါဘိုက်တ် မှတ်သားနိုင်စွမ်းအားရှိသော စီဒီတစ်ချပ်ကို ဇန်နဝါရီ ၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

စစ်သွေးကြွများ၏ တိုက်ခိုက်မှု ရပ်ဆိုင်းစေရေး အစွမ်းရေးဆောင်ရွက်မည်

ဂျေရုဆလင် ဇန်နဝါရီ ၈

ဂါဇာကမ်းမြောင်ဒေသမှ ရော့ကက်ဒုံးကျည်များဖြင့် ပစ်ခတ်နေမှုရပ်ဆိုင်းရေးအတွက် အစ္စရေးစစ်ဘက်က အရှိန်မြှင့်တိုက်ခိုက်သွားရန် ဝန်ကြီးချုပ်အီဟွတ်အိုးလ်မတ်က တနင်္ဂနွေနေ့တွင် အမိန့်ထုတ်ပြန်လိုက်သည်။

ဂါဇာကမ်းမြောင်ဒေသမှ စစ်သွေးကြွများကို မိမိတို့က ဆက်လက်တုံ့ပြန်ရန် လိုအပ်သည်ဟု အိုးလ်မတ်က ဂျေရုဆလင်၌ ပြုလုပ်သည့် ဝန်ကြီးအဖွဲ့အစည်းအဝေးတွင် ပြောကြားသည်။

မိမိတို့က အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုများကို ဖြေရှင်းရန် ဂါဇာဒေသရှိမြို့များတွင် တပ်ဖွဲ့ဝင်အင်အား ဆက်လက် ဖြည့်ဆည်းထားမည်ဟု ၎င်းက ပြောကြားသည်။

အစ္စရေးနိုင်ငံ ကက်ရှ်ကယ်လွန် မြောက်ပိုင်းဒေသရှိ လယ်ကွင်းအတွင်း ဒုံးကျည်များကျရောက်ခဲ့သည်။ ယင်းဖြစ်ရပ်သည် ဂါဇာဒေသမှ အကြမ်းဖက်တိုက်ခိုက်မှု အရှိန်မြှင့်လာခြင်း ဖြစ်သည်ဟု အိုးလ်မတ်က ပြောကြားသည်။

အစ္စရေးစစ်ဘက်က ဂါဇာဒေသတွင် စစ်ဆင်ရေးဆောင်ရွက်ရန် စီစဉ်နေခြင်းမရှိဟု ဟာရက်ဇ်သတင်းစာက အစ္စရေးကာကွယ်ရေးဌာန၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပြာသာဒ်ပုံသဏ္ဌာန်လှေ ကောင်းကင်ဓာတ်ကြိုးနှင့်ငြိ ၄၀ ဒဏ်ရာရ

မနီလာ ဇန်နဝါရီ ၈

ဖိလစ်ပိုင်နိုင်ငံတွင် ဒေသဆိုင်ရာပွဲတော် ကျင်းပရာ၌ ပါဝင်သည့် လှေတစ်စင်းသည် ကောင်းကင်လျှပ်စစ်ဓာတ်အားပေးကြိုးနှင့် တိုက်မိသဖြင့် လူ ၄၀ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်ရေဒီယိုက ဇန်နဝါရီ ၇ရက်တွင် ကြေညာသည်။

ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာ၏ မြောက်ဘက် ဟစ်ပန်ဂါပြည်နယ်၌ ကျင်းပသည့်ပွဲတော်တွင် ဘုံအဆင့်ဆင့်ပါရှိသည့် ပြာသာဒ်ပုံသဏ္ဌာန် ပြုလုပ်ထားသည့်လှေမှာ မြစ်အတွင်းဖြတ်သန်းစဉ် ဓာတ်အားပေးကြိုးနှင့် ထိခိုက်မိခဲ့သည်ဟုမက်ဆန်တိုမြို့၏ ဒုတိယမြို့တော်ဝန်ဖြစ်သူ ဘာဂျွန်လာကက်က ရေဒီယိုသို့ ပြောကြားသည်။

လျှပ်စစ်ဓာတ်အားပေးကြိုးမှ မီးပွားများထွက်လာပြီး အသေးစားပေါက်ကွဲမှုဖြစ်ပေါ်ခဲ့သဖြင့် လှေပေါ်စီးနင်းလာသူ ၁၀၀ ခန့်မှ မြစ်အတွင်း ခုန်ချခဲ့ကြသည်။ပျောက်ဆုံးနေသူနှစ်ဦးရှိပြီးရေနစ်သေဆုံးဖွယ်ရှိသည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ရုရှားနိုင်ငံ မော်စကိုမြို့ စထရီဂျီနို မြေအောက်ဘူတာရုံသစ်ကို ဇန်နဝါရီ ၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

၂၀၀၈ခုနှစ် ဗီယက်နမ်ရော်ဘာတင်ပို့မှု တန်ချိန် ၇၈၀၀၀၀ ရှိမည် မျှော်မှန်း

ဟနွိုင်း ဇန်နဝါရီ ၉

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ဒသမ၅ဘီလီယံတန်ဖိုးရှိ ရော်ဘာတန်ချိန် ၇၈၀၀၀၀ ကို ပြည်ပသို့ တင်ပို့မည်ဟု မျှော်မှန်းထားကြောင်း ဒေသဆိုင်ရာ ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှု သုံးသပ်ချက်သတင်းစာ၌ ဇန်နဝါရီ ၇ ရက်က ရေးသားဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၀ပြည့်နှစ်တွင် ရော်ဘာစိုက်မြေဟက်တာ ၇၀၀၀၀၀ အထိ တိုးချဲ့စိုက်ပျိုးသွားရန် စီစဉ်လျက်ရှိပြီး လောလောဆယ်တွင် ဟက်တာ ၄၉၅၀၀၀ စိုက်ပျိုးလျက်ရှိသည်။ ဗီယက်နမ်သည် မိမိနိုင်ငံအတွင်း၌သာမက လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင်လည်း ရော်ဘာဟက်တာ ထောင်ပေါင်းများစွာ စိုက်ပျိုးလျက်ရှိသည်။

ရော်ဘာထွက်ရှိမှု၏ ၈၀ ရာခိုင်နှုန်းခန့်ကို ပြည်ပနိုင်ငံ ၄၀ သို့ တင်ပို့ရောင်းချလျက်ရှိသည်။ ရော်ဘာတင်ပို့သည့် ပြည်ပနိုင်ငံများတွင် တရုတ်၊ တောင်ကိုရီးယား၊ တရုတ်တိုင်ပေ၊ ရုရှား၊ အမေရိကန်၊ ဂျပန်နှင့် ဂျာမနီနိုင်ငံတို့ ပါဝင်သည်။

ယခုနှစ်၌ ရော်ဘာဝယ်လိုအားအနေဖြင့် တရုတ်နိုင်ငံက ရှစ်ရာခိုင်နှုန်းတိုးတက်လာခြင်းဖြင့် ရှေ့ဆုံးနေရာ၌ရှိသည်။ အမေရိကန်နိုင်ငံသည် ၄ ဒသမ ၁ ရာခိုင်နှုန်းဖြင့် ဒုတိယလိုက်နေပြီး ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများတွင် ၂ဒသမ၂ရာခိုင်နှုန်း ဝယ်လိုအား တိုးလာလျက်ရှိသည်ဟု ဗီယက်နမ်စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို သတင်းစာ၌ ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ်၊ ၂/၂၀၀၈
၁၃၆၉ ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ ရက်
(၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်– နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင် တံဆိပ်များကို အပ်နှင်းလိုက်သည်–

(ယမန်နေ့မှအဆက်)

လူမှုထူးချွန်တံဆိပ်(တတိယဆင့်)အဆက်

၇၉။ ကိုယ်ပိုင်အမှတ်–၆၃၂၄၇၀၊ တပ်ကြပ်အောင်စိုး၊ အမှတ်(၄)ကာကွယ်ရေး ပစ္စည်းစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန
၈၀။ ဦးဝင်းနိုင်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်၊ (၁)ရပ်ကွက်၊ သုံးခွမြို့နယ်၊ ရန်ကုန်တိုင်း
၈၁။ ဦးလှဝင်း၊ အရောင်းအဝယ်၊ အမှတ်(၆)မြို့ပတ်လမ်း၊ ဆိပ်ကြီးအနောက် ရပ်ကွက်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ရန်ကုန်တိုင်း
၈၂။ ဦးမြင့်ဦး၊ ကုန်သည်၊ စစ်ပြန်(၃)၊ ပါရမီလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း
၈၃။ ဦးစောစိန်ဝင်း၊ ဈေးရောင်း၊ အမှတ်(၂/၄၅၃)ဗိုလ်တေဇလမ်း၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း
၈၄။ ဦးဇော်၊ တောင်သူ၊ ထီးဆောင်းရွာ၊ မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်း
၈၅။ ဦးဉာဏ်ဝင်း၊ ကျွမ်းကျင်(၄)စက်မှု၊ စက်ဆင်ဘိုဂီ၊ စက်ခေါင်းစက်ရုံ၊ အင်းစိန်၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန
၈၆။ ဦးကျော်ဝင်း၊ ဒု–ကြီးကြပ်ရေးမှူး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲ၊ ငပုတောမြို့၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
၈၇။ ဦးသန်းအောင်(ခ)ဦးအောင်နိုင်၊ စက်မှုကျွမ်းကျင် (၅) စက်ပြင်၊ မြို့ပြ အင်ဂျင်နီယာဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန
၈၈။ ဦးတင်ထွန်းအောင်၊ တောင်သူ၊ထီးဆောင်းရွာ၊မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်း
၈၉။ ဦးမြင့်အောင်၊ စစ်မှုထမ်း(ငြိမ်း)၊ကကခန့်၊အမှတ်(၁၆)၊ ကမ္ဘောဇရိပ်သာ၊ အိမ်ထောင်သည်လိုင်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း
၉၀။ ဦးဝင်းသိန်း၊ အကြီးတန်းစာရေး၊ ပြည်ပငွေကောက်ခံရေးဌာနစု၊ ပြည်ပ ရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာ ဝန်ကြီးဌာန
၉၁။ ဦးအောင်မြင့်နိုင်၊ အထွေထွေလုပ်သား၊ ပြည်သူ့ဆေးရုံကြီး၊ မန္တလေးမြို့၊ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန
၉၂။ ဒေါ်လှသန်း၊ တောင်သူ၊ ထီးဆောင်းရွာ၊ မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်း
၉၃။ ဦးသန်းဦးကျော်၊ ဈေးရောင်း၊ ဂျိုးဖြူလမ်း၊ အပိုင်း (၈) ပေါက်ကုန်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း
၉၄။ ဦးအေးကို၊ ပန်းထိမ်လုပ်ငန်း၊ အိုးဖိုတန်းလမ်း၊ အနော်ရထာရပ်ကွက်၊ ဥက္ကံမြို့၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်း
၉၅။ ဦးနေစိုး၊ ကုန်သည်၊ အမှတ်(၈)၊နံ့သာမြိုင်လမ်း၊ပတ္တမြားမြို့သစ်၊ မင်္ဂလာဒုံ မြို့နယ်၊ ရန်ကုန်တိုင်း
၉၆။ ဦးကျော်တင့်၊ ဒုတိယစုံစမ်းရေးမှူး၊ စစ်ဆင်ရေးနှင့်နိုင်ငံခြားငွေကြေးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
၉၇။ ဦးခင်မောင်ထူး၊ ဦးစီးအရာရှိ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
၉၈။ ဦးအုန်းမြင့်၊ အလုပ်ရုံစိတ်မှူး၊ စစ်တောင်းအမှတ်(၁)စက္ကူစက်ရုံ၊ မြန်မာ့ စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန
၉၉။ ဦးသိန်းငွေ၊ ပုံနှိပ်ကျွမ်းကျင် (၃)၊ ကာစတာ၊ ကွန်ပျူတာပုံနှိပ်ဌာန၊ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန
၁၀၀။ ဦးလှဝင်း၊ တောင်သူ၊ ထီးဆောင်းရွာ၊ မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်း
၁၀၁။ ဦးဆန်းငွေ၊ မန်နေဂျာ၊ Fair, Market International Co.,Ltd. အမှတ်(၇၈)၊ ထင်းရှူးမြိုင်လမ်း၊သန်လျင်တံတားအိမ်ရာဝင်း၊ ၁၀/တောင် (၁၃) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း
၁၀၂။ ဦးဝင်း၊ တောင်သူ၊ ထီးဆောင်းရွာ၊ မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်း
၁၀၃။ ကိုယ်ပိုင်အမှတ်–၇၈၅၃၃၆၊ တပ်ကြပ်ကြီးချမ်းငြိမ်း၊ လျှပ်စစ်နှင့်စက်မှု အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန
၁၀၄။ ဒေါ်လှဲ့လှဲ့အေး၊ စက်ချုပ်လုပ်ငန်း၊ အမှတ်(၄၉၀)၊မြေညီထပ်၊ မဟာဗန္ဓုလ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်း
၁၀၅။ ဦးသန်းလွင်၊ အရန်မီးသတ်တပ်ဖွဲ့၊ အမှတ် (၂) ရပ်ကွက်၊ တပင်ရွှေထီး လမ်း၊ သုံးခွမြို့၊ ရန်ကုန်တိုင်း
၁၀၆။ ဘန္ဒန္တ သြဘာသ၊ ကျောင်းထိုင်/ကျောင်းပိုင်ဆရာတော်၊ အောင်မြေဝေယံ ကျောင်းတိုက်၊ ခုနစ်ကျိုက် အရှေ့ကျေးရွာအုပ်စု၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်း
၁၀၇။ ဒေါ်ပြုံးပြုံးကြည်၊ အခန်း(၆)၊ တိုက်(၃၀၇)၊ ရန်အောင်လမ်းသွယ်(၂)၊ အမှတ်(၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း
၁၀၈။ ဦးကြည်ရှိန်၊ သျှင်ပါကူအထူးကုဆေးခန်း၊ ၁၅၄၃/ခ၊ အောင်သိဒ္ဓိလမ်း၊ (၂၀) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်း
၁၀၉။ ဦးဝင်းသိန်း၊ အကြံပေးပုဂ္ဂိုလ်၊ ကော်မတီရုံး၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ
၁၁၀။ လ–၁၂၃၇၄၁၊ ရဲအုပ်မင်းဆွေ၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန
၁၁၁။ ဦးစိုးနိုင်၊ ဦးစီးမှူး၊ မြေဆီလွှာစူးစမ်းလေ့လာရေးဌာနခွဲ၊ ဆည်မြောင်းဦးစီး ဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
၁၁၂။ ဦးဖွဲမြင့်သိန်း၊ရွှေပုဇွန်ကုမ္ပဏီလီမိတက်၊ ၁၃/၁၂၅၉၊ ဒေဝဒဟ (၃၄)လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း
၁၁၃။ ဦးတိဿ၊ သာသနာ့ဝန်ထမ်း၊ ဗမာ့ရတနာကျောင်းတိုက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း၊
၁၁၄။ ဦးညွှန့်လှိုင်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(အငြိမ်းစား)၊လိုင်း(၈)၊အခန်း(၇)၊ ကျန်းမာရေးဝန်ထမ်းအိမ်ရာ၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်း
၁၁၅။ ဦးမင်းကြည်စိုး၊ ဦးစီးအရာရှိ၊ ဆောက်လုပ်မှုစစ်ဆေးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန
၁၁၆။ ဦးကျော်သူရ၊ ယာဉ်မောင်း၊ အမှတ်(၂၀၅၈/ခ)၊ မြဝတီမင်းကြီးလမ်း၊ (၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း
၁၁၇။ ဦးငွေနိုင်၊ အလုပ်ရုံစုမှူး(ကုန်ထုတ်)၊ စက်ဘီးစက်ရုံ၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန
၁၁၈။ ဦးတင်အောင်မိုး၊ ရုပ်သံကျွမ်းကျင်(၁)၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန
၁၁၉။ ဒေါ်စန်းစန်းမြင့်၊ လက်ထောက်မန်နေဂျာ၊ သမဝါယမပို့ကုန်သွင်းကုန် လုပ်ငန်း၊ သမဝါယမဝန်ကြီးဌာန
၁၂၀။ ဦးခင်ကြိုင်၊ စစ်မှုထမ်း(လေ)(ငြိမ်း)၊၁၀/၂၇၊ ၁–လမ်း၊တောင်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်တိုင်း
၁၂၁။ ဒေါ်ခင်မာဝင်း၊ ဈေးရောင်း၊အမှတ်(၄)၊ ဘုရင့်နောင်(၉)လမ်း၊သဃ်န်းကျွန်း မြို့နယ်၊ ရန်ကုန်တိုင်း
၁၂၂။ လ–၁၄၈၆၇၀၊ ရဲတပ်ကြပ်သန်းစိုး၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန
၁၂၃။ လေ–၁၈၉၆၂၊ တပ်ခွဲတပ်ကြပ်ကြီးမြင့်ကြည်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)၊ ကာကွယ်ရေးဝန်ကြီးဌာန
၁၂၄။ ဦးအောင်စိုး၊ ကြီးကြပ်ရေးမှူး၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန
၁၂၅။ ဦးစိုးမြင့်၊ ထုတ်လုပ်ရေးကျွမ်းကျင်(၄)၊ စစ်တောင်း အမှတ်(၁)စက္ကူစက်ရုံ၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန
၁၂၆။ ဦးထွန်းထွန်း၊ ကုန်သည်၊ အမှတ်(၅၀)၊ ပုသိမ်လမ်း၊ ကျွန်းတောအလယ် ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း
၁၂၇။ ဦးကျော်ကျော်မောင်ထွေး၊ မန်နေဂျာ (Management & Accountancy Training Ltd.) အမှတ်(၁၆)၊ သီတာလမ်း၊ သီတာရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း
၁၂၈။ ဦးစန်းဝင်း၊ ယာဉ်မောင်း၊ စက်ပြင်အဆင့်(၄)၊ အခြေစိုက်အလုပ်ရုံ၊ ရန်ကုန်၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန
၁၂၉။ ဦးအောင်မြင့်ကြည်၊ ဝိုင်းဆရာ၊ အမှတ်(၁)အထပ်သားစက်ရုံ၊ မြန်မာ့သစ် လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန
၁၃၀။ ဒေါ်စန်းကြည်၊ ခြံယာလုပ်သား၊ ည/၁၂၄၀၊ မြင့်မိုရ်လမ်း၊ နယ်မြေ(၆)၊ ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်
၁၃၁။ ဦးကျော်ရင်၊ ကုန်သည်၊ အမှတ်(၅၃)၊ အမာလမ်း၊ (၄)ရပ်ကွက်၊ ကဒုံကနိကျေးရွာ၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း
၁၃၂။ ဦးကျော်မြင့်အောင်၊ ဈေးသည်၊ အကွက်(၂၄၆)၊ သီရိဟေမာအရှေ့၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း
၁၃၃။ ဦးမင်းစိုးနိုင်၊ တရားရုံးချုပ်ရှေ့နေ၊ အမှတ်(၅)၊ ရှင်အရဟံလမ်း၊ ဘိုတဲရပ်၊ မြို့မ(၃)၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်
၁၃၄။ ဦးထွန်းထွန်းဝင်း၊ အရောင်းအဝယ်၊ အမှတ်(၄၆)၊ (၁၄)လမ်း၊ မြို့မ(၇)ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်း
၁၃၅။ ဦးဇော်ဝင်း၊ ဈေးသည်၊ အကွက်(၃)၊ ထွန်တုံးရွာမမြို့သစ်၊ (၅၂)လမ်း၊ ထွန်တုံးကြီးကျောင်းအနီး၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း
၁၃၆။ ဦးခင်မောင်ရီ၊ ဈေးရောင်း၊ ကွမ်ကသောင်ရပ်၊ မြို့မ(၄)၊ မုဒုံမြို့၊ မွန်ပြည်နယ်
၁၃၇။ ဦးရွှေသိန်း၊ အရောင်းအဝယ်၊ အမှတ်(၃၉)၊ ဓမ္မစေတီလမ်း၊ ကျောင်းသစ်ရပ်၊ မြို့မ(၂)၊ မုဒုံမြို့၊ မွန်ပြည်နယ်
၁၃၈။ ဦးထွန်းကြည်၊ ကျပန်း၊ အမှတ်(၂၈)၊ အောင်သီရိလမ်း၊ ပိန္နဲတိုက်ရပ်၊ မြို့မ(၃)၊ မုဒုံမြို့၊ မွန်ပြည်နယ်
၁၃၉။ ဦးရည်စိန်၊ ကုန်သည်၊ အမှတ်(၁၅၅/၄)၊ ကုန်သည်လမ်း၊ လပွတ္တာမြို့၊ ဧရာဝတီတိုင်း
၁၄၀။ ဦးမျိုးဝင်း၊ ကျပန်း၊ ခေမာလမ်းသွယ်(၃)၊ ဘုရားလေးဆူရပ်၊ မြို့မ(၂)၊ မုဒုံမြို့၊ မွန်ပြည်နယ်
၁၄၁။ ဒေါ်ရီရီမြင့်၊ အရောင်းအဝယ်၊ အကွက်(၂၀)၊ ဥပုသ်တော်ရပ်၊ သဇင်လမ်းသွယ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း
၁၄၂။ ဦးစန္ဒိမာ၊ သံဃာတော်၊ ဇေယျဝတီကျောင်း၊ သန်လျက်မော်အနောက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း
၁၄၃။ ဦးထူးထူး၊ လူထုခန့်ဆရာ၊ အနောက်သာဂရမူလတန်းလွန်ကျောင်း၊ ဘင်စုရပ်ကွက်၊ ဈေးတန်းအုပ်စု၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း
၁၄၄။ ဦးကျော်သန်း၊ အရောင်းအဝယ်၊ အကွက် (၂၅၈)၊ ပြည်ကြီးပျော်ဘွယ်အရှေ့၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း
၁၄၅။ ဦးထွန်း(ခ)တာရွှန်းကူးမား၊ ကန်ထရိုက်၊ အမှတ်(၂၂)၊ ကုန်သည်လမ်း၊ (၄)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း
၁၄၆။ ဦးဝိရိယ၊ စာချဆရာတော်၊ သဒ္ဓမ္မဝံသာရုံပါဠိတက္ကသိုလ်၊ ပရိယတ္တိ စာသင်တိုက်ကျောင်းတိုက်၊ နန်းတော်ကုန်းရပ်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း
၁၄၇။ ဒေါ်ခင်အုန်းမြင့်၊ ကျပန်း၊ အမှတ်(၆)၊ သုခသီတာလမ်း၊ ပိန္နဲကုန်းရပ်၊ မြို့မ(၃)၊ မုဒုံမြို့၊ မွန်ပြည်နယ်
၁၄၈။ ဦးခင်မောင်ဝင်း၊ စောင့်ရှောက်ရေးမှူး၊ မြို့နယ်ပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး၊ မော်လမြိုင်မြို့၊ ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး၊ အလုပ်သမားဝန်ကြီးဌာန
၁၄၉။ ဦးတင်ဝင်းနိုင်၊ သိပ္ပံခန်းလက်ထောက်၊ အမှတ်(၁၃၊ အထက၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန
၁၅၀။ ဦးအုန်းသိန်း၊ ကျပန်း၊ အမှတ်(၅၂)၊ အရဟံလမ်းသွယ်၊ ဘိုတဲရပ်၊ မြို့မ(၃)၊ မုဒုံမြို့၊ မွန်ပြည်နယ်
၁၅၁။ ဒေါ်နှင်းနွယ်၊ ဆရာမ၊ မြဂန္ဓမာလမ်း၊ စက်သစ်ရပ်၊ မြို့မ(၁)၊ မုဒုံမြို့၊ မွန်ပြည်နယ်
၁၅၂။ ဦးဝင်းနိုင်ဝင်း၊ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးရေး၊ အမှတ်(၃၄)၊ ရွှေစေတီလမ်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း
၁၅၃။ ဦးငွေလွင်၊ ဌာနစုမှူး၊ ရေနံနှင့်ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူ ပို့ဆောင်ရေးဌာန၊ မြန်မာ့ရေနံဓာတု ဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန
၁၅၄။ ဦးသန်းဝင်း၊ အမှတ်(၃) တက္ကသိုလ်လေ့ကျင့်ရေးတပ်၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၁၅၅။ ဒေါ်ဘေဘီခင်၊ ဈေးရောင်း၊ အမှတ်(၇)၊ ရှင်အရဟံလမ်း၊ ဘိုတဲရပ်၊ မြို့မ(၃)၊ မုဒုံမြို့၊ မွန်ပြည်နယ်
၁၅၆။ ဦးသိန်းနိုင်၊ ခိုင်သဇင်လက်ဖက်ရည်ဆိုင်၊ အကွက်(၄၉၂)၊ ပြည်လုံးအံ့ လှေတန်းရပ်ကွက်၊သန်လျက်မော်အရှေ့၊မဟာအောင်မြေမြို့နယ်၊မန္တလေးတိုင်း
၁၅၇။ ဦးတင်မောင်ထွေး၊ စက်ဘီးပြုပြင်ရေး၊ (ဃ)ရပ်ကွက်၊ ၄/၁၀ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း
၁၅၈။ ဦးတင်ဝင်း၊ အနေးယာဉ်လုပ်သား၊ ခေမာလမ်းသွယ်(၃)၊ လေးဆူအရှေ့ပိုင်း မြို့မ–၂၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်
၁၅၉။ ဦးတေဇိန္ဒြ(ခ)ဦးအောင်ဝင်း(ရဟန်း)၊ အိုးထိန်းတောင်ကျောင်း၊ ခေါင်းလွဲရွာ၊ တံတားဦးမြို့နယ်၊ မန္တလေးတိုင်း
၁၆၀။ ဦးနေလင်း၊ အရောင်းအဝယ်၊ ကဥ္စနမဟီရပ်၊ အကွက်(၆၃၀)၊ ချမ်းအေးသာစံ မြို့နယ်၊ မန္တလေးတိုင်း
၁၆၁။ ဦးရဲနိုင်၊ အလယ်တန်းပြဆရာ၊ အလက၊ ထန်းကုန်းရွာ၊ ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)
၁၆၂။ ဦးဝင်းမောင်၊ ဈေးရောင်း၊ မင်းလမ်း၊ သိမ်ဆိပ်ကျေးရွာ၊ သထုံမြို့နယ်၊ မွန်ပြည်နယ်
၁၆၃။ ဦးအောင်ကျော်ထူး၊ ဒု–လဝကမှူး၊ အလုံမြို့နယ်ဦးစီးဌာနမှူးရုံး၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
၁၆၄။ ဦးမြင့်မောင်၊ အရောင်းအဝယ်၊ အမှတ် (၈၈၀)၊ ချမ်း(တောင်)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း
၁၆၅။ ဦးမြရီ၊ ညစောင့်၊ ကျောင်းကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန
၁၆၆။ ဦးအိုက်လုံ၊ အစောင့်၊ ကျိုင်းတုံမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ရဲသီဟတံဆိပ်

၁။ လ ၁၇၀၀၁၅ ဒု–ရဲအုပ်ကျော်စွာမြင့်၊ မူဆယ်မူးယစ်(အထူး)အဖွဲ့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့
၂။ လ ၉၃၇၁၀ ရဲတပ်ကြပ်ကြီးမြင့်စိုး၊ မူဆယ်မူးယစ်(အထူး)အဖွဲ့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့
၃။ လ ၁၆၀၆၉၃ ရဲတပ်ကြပ်ကြီးသိန်းဇော်ဝင်း၊ မူဆယ်မူးယစ်(အထူး)အဖွဲ့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့
၄။ လ ၂၁၉၄၇၃ ရဲတပ်သားထူးဆိုင်မိုင်၊ မူဆယ်မူးယစ်(အထူး)အဖွဲ့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

ရဲသူရတံဆိပ်

၁။ လ ၁၂၃၈၁၁ ရဲအုပ်ရန်ရှင်း၊ မူဆယ်မူးယစ်(အထူး)အဖွဲ့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့
၂။ လ ၁၆၉၆၇၂ ရဲအုပ်ဝင်းလှိုင်၊ မူဆယ်မူးယစ်(အထူး)အဖွဲ့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့
၃။ လ ၁၉၅၉၆၈ ရဲတပ်ကြပ် ထွန်းစိုး၊ မူဆယ်မူးယစ်(အထူး)အဖွဲ့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့
၄။ လ ၂၁၈၀၆၈ ရဲတပ်သား စိုင်းမျိုးမင်းသန့်၊ မူဆယ်မူးယစ်(အထူး)အဖွဲ့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

ရဲဗလတံဆိပ်

၁။ လ ၁၆၇၄၃၄ ရဲအုပ်မောင်မောင်ဇော်၊ မူဆယ်မူးယစ်(အထူး)အဖွဲ့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့
၂။ လ ၂၁၈၀၇၅ ရဲတပ်သားကျော်ကျော်ထိုက်၊ မူဆယ်မူးယစ်(အထူး)အဖွဲ့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

ရဲကျော်စွာတံဆိပ်

၁။ ဟန်ညွှန့် (မ ၁၅၉၈၃)၊ မီးသတ်တပ်သား၊ မီးသတ်ဦးစီးဌာန
၂။ ရဲရန်နိုင်ထွန်း (မ ၁၆၁၈၆)၊ မီးသတ်တပ်သား၊ မီးသတ်ဦးစီးဌာန
၃။ မြခိုင် (မ ၁၆၅၈၄)၊ မီးသတ်တပ်သား၊ မီးသတ်ဦးစီးဌာန
၄။ သက်ပိုင်စိုး (မ ၁၈၄၂၈)၊ မီးသတ်တပ်သား၊ မီးသတ်ဦးစီးဌာန

အမိန့်အရ
(ပုံ)
သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ဒီဇင်ဘာ အားကစားလ ပဋ္ဌမပတ် စုပေါင်းလမ်းလျှောက်ပွဲ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး နှင့် ဇနီး တက်ရောက် ဆင်နွှဲ

နေပြည်တော် ဇန်နဝါရီ ၉

၂၀၀၇ ခုနှစ် ဒီဇင်ဘာ(ပဋ္ဌမပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၅ နာရီခွဲတွင် တောင်ကြီးမြို့ မြို့မဈေးကြီးရှေ့ ဗိုလ်ချုပ်လမ်းစုရပ်တွင် ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့်ဇနီး ဒေါ်သင်းမျိုးမျိုးအောင်နှင့် တာဝန်ရှိသူများ၊ မိသားစုဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဇနီးများ၊ အားကစား ဝါသနာရှင် ပြည်သူအင်အား ၁၄၅၀၀ကျော် တက်ရောက်ကြသည်။

သေနတ်ပစ်ဖောက်တာလွှတ်

စုရပ်နေရာတွင် တိုင်းမှူးက သေနတ်ပစ်ဖောက် တာလွှတ်ပေးလိုက်ရာ လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသူများသည် ဗိုလ်ချုပ်လမ်းအတိုင်း အိမ်တော်လမ်းဆုံ၊ အိမ်တော်လမ်းဆုံမှ ရုံးကြီးလမ်းဆုံ၊ ၎င်းမှရုံးကြီးလမ်းအတိုင်း လမ်းလျှောက်ကြပြီး ပြည်နယ် အားကစားကွင်း အတွင်းဝင်ရောက်၍ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး အတွဲ(၁)နှင့်(၂)ကို စုပေါင်းလေ့ကျင့်ကြသည်။

ပါဝင်ဆင်နွှဲ

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့သည် အားကစား ပြိုင်ပွဲများကို ကြည့်ရှုအားပေးပြီး အမျိုးသား၊ အမျိုးသမီး ပယ်နယ်တီဂိုးကျဉ်းကန်သွင်းပြိုင်ပွဲ၊အမျိုးသား ဂိုးကျဉ်း ဘောလုံးပြိုင်ပွဲများတွင် တပျော်တပါး ပါဝင်ဆင်နွှဲကာ ဆုရရှိသူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်သောင်းအေး ဒီဇင်ဘာအားကစားလ ပဋ္ဌမပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို သေနတ်ပစ်ဖောက်စတင်တာလွှတ်စဉ်။
(သတင်းစဉ်)

ရဲချုပ်ဒိုင်း ပြည်နယ်နှင့် တိုင်းဘောလုံးပြိုင်ပွဲ မကွေးတိုင်း ရဲတပ်ဖွဲ့အသင်း အနိုင်ရဗိုလ်စွဲ

ရန်ကုန် ဇန်နဝါရီ ၉

၂၀၀၇ခုနှစ်(၄၃)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဒိုင်းပြည်နယ်နှင့် တိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဒီဇင်ဘာ ၂၈ ရက် ညနေပိုင်းက နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ကျင်းပသည်။ ဗိုလ်လုပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်အသင်းနှင့် မကွေးတိုင်းရဲတပ်ဖွဲ့အသင်းတို့ယှဉ်ပြိုင်ကစားရာ မကွေးတိုင်းရဲတပ်ဖွဲ့အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး(ထောက်) ရဲမှူးကြီးသိန်းတင်က အသန့်ရှင်းဆုံး အသင်းဆုရရှိသော ရန်ကုန်တိုင်း ရဲတပ်ဖွဲ့အသင်းအား အသန့်ရှင်းဆုံးဒိုင်းဆုနှင့် ငွေကျပ် ၅၀၀၀၀ ကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး(လုံခြုံ/မှုခင်း)ရဲမှူးကြီး မောင်မြင့်က ပွဲစဉ်တစ်လျှောက် နေရာအလိုက်အကောင်းဆုံးဆုရရှိကြသူများအား ဆုတံဆိပ်နှင့်ငွေကျပ် ၁၅၀၀၀ စီကိုလည်းကောင်း၊ နိုင်ငံဖြတ်ကျော်မှုခင်းများဌာန ဌာနမှူးရဲမှူးကြီးစစ်အေးက ပွဲစဉ် တစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆုရရှိသော မင်းကြည် (မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်)အား ဆုတံဆိပ်နှင့် ငွေကျပ် ၂၀၀၀၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့မှူး ရဲမှူးချုပ် မြင့်သိန်းက ဒုတိယရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေကျပ်နှစ်သိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲရေးချုပ် ရဲမှူးချုပ် စိုးဝင်းမြင့်က ပထမဆုရရှိသော မကွေးတိုင်း ရဲတပ်ဖွဲ့အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်းက ပထမရရှိသောမကွေးတိုင်း ရဲတပ်ဖွဲ့အသင်းအား ရဲချုပ်ဒိုင်းနှင့် ဆင့်ပွားဒိုင်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။**(အောက်ပုံ) (ကြေးမုံ)**

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာဗ့်ဂေါက်သီးရိုက်ပြိုင်ပွဲ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖွင့်လှစ်ပေး

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co.,Ltd ကအဓိက ကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာဗ့်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမအဆင့် လက်ရည်စစ်ပြိုင်ပွဲ (Grand Royal Special Reserve Qualify Round) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၅ရက် နံနက် ၆ နာရီခွဲတွင် မကွေးမြို့ရှိ ဖန်ခါးမြေဂေါက်ကလပ်၌ ကျင်းပရာ သန်းနိုင်ဦးက ဖွင့်ပွဲနေ့ပြိုင်ပွဲတွင် ဦးဆောင်ကစားလျက်ရှိသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင် ဂေါက်သီးရိုက် အားကစားသမားများသည် တီခုံ (၁) (TEE-1St)၌ နေရာယူကြပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ၊ မကွေးတပ်နယ်မှ ဗိုလ်မှူးချုပ်ဌေးအောင်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)ရဲမှူးကြီး သိန်းကြည်၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်၊ ဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးနှင့် International Beverages Trading Co.,Ltd မှ P.R မန်နေဂျာ ဦးရဲတင့်တို့က အလှည့်ကျ ဂေါက်သီးရိုက်၍ လက်ရည်စစ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး ပထမနေ့ (၁၈)ကျင်း ပြိုင်ပွဲကို စတင်ကျင်းပသည်။

ဖွင့်လှစ်ပေး

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာဗ့် ဂေါက်သီးရိုက် ပြိုင်ပွဲ ပထမအဆင့် လက်ရည်စစ် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ဦးဆောင်

ပထမနေ့(၁၈)ကျင်းပြိုင်ပွဲအပြီးတွင် သန်းနိုင်ဦးက Nett Total(၆၉) ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ သိန်းရွှေ၊ တင်လင်းကို၊ မြတ်သူ၊ ဇော်ဝင်း၊ စိုးမိုးသွင်နှင့် စိုးလွင်ဦးတို့က Nett Total(70)ချက်စီဖြင့် ဒုတိယ လိုက်နေကြသည်။

တာဝန်ယူ

ယင်းပြိုင်ပွဲတွင် Main Sponsor အဖြစ် International Beverages Trading Co.,Ltd ကဖြစ်ပြီး Co-Sponsors များအဖြစ် Dusit Inya Lake, Srixon နှင့် Alpine (Purified Drinking Water) တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြကာ ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ဘောလုံး ဒိုင်လူကြီးအဖွဲ့ဝင်များအား ပူဇော်ကန်တော့ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

၂၀၀၈ခုနှစ် (၁၁)ကြိမ်မြောက် တပ်မတော်ဘောလုံးဒိုင်လူကြီးအဖွဲ့ဝင်များအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက် ၁၀နာရီတွင် ရန်ကုန် တိုင်းစစ်ဌာနချုပ် အားကစားကွင်း(မင်္ဂလာဒုံ)၌ကျင်းပရာ တပ်မတော်ဘောလုံး ကော်မတီဥက္ကဋ္ဌ တပ်မတော်ကိုယ်ခံပညာနှင့် အားကစား သိပ္ပံကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးထင်ဇော်ဝင်း၊ အတွင်းရေးမှူး ဗိုလ်မှူးတင့်ဇော်နှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဘောလုံးပြိုင်ပွဲ ကျင်းပရေးတာဝန်ခံ ဗိုလ်ကြီးတင်အောင်(ငြိမ်း)၊ ဖိတ်ကြားထားသူများနှင့် တပ်မတော်ဘောလုံးဒိုင်လူကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာဂါရဝပြုတပ်မတော်ဘောလုံးဒိုင်လူကြီးများအား ကန်တော့ကြပြီး ဂါရဝပြု လက်ဆောင်ပစ္စည်းများကို ပေးအပ် လှူဒါန်းသည်။ ဆက်လက်၍ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က အသိအမှတ်ပြု အပြည်ပြည်ဆိုင်ရာဒိုင်လူကြီးဟောင်းများအားလည်းကောင်း၊ ၂၀၀၆/၂၀၀၇/၂၀၀၈ခုနှစ် သုံးနှစ်ဆက်တိုက် AFC မှ ELITE REFEREE အဖြစ် ရွေးချယ်ခံရသော တပ်ကြပ်ကြီးဝင်းချိုအားလည်းကောင်း၊ ၂၀၀၇ ခုနှစ် ဘောလုံးရာသီအတွင်း အတိုးတက်ဆုံး ကွင်းလယ်ဒိုင်လူကြီး ဒုတိယတပ်ကြပ် ခင်မောင်ထွေးနှင့်အတိုးတက်ဆုံး အကူဒိုင်လူကြီး တပ်ကြပ်တင်ထွန်းတို့အားလည်းကောင်း ဂုဏ်ပြုဆုများကိုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ဘောလုံး ကော်မတီဥက္ကဋ္ဌ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံ ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး ထင်ဇော်ဝင်းက လည်းကောင်း၊ ၁၉၈၁ခုနှစ်တွင်တပ်မတော်ဘောလုံးဒိုင်လူကြီးအဖွဲ့ကို စတင်တည်ထောင်ခဲ့သော မြန်မာ့လက်ရွေးစင်၊ အာရှလက်ရွေးစင် ဘောလုံးသမားဟောင်း ဗိုလ်ကြီးတင်အောင်(ငြိမ်း)ကလည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၊ မြန်မာ့ လက်ရွေးစင်ဘောလုံးသမားဟောင်းဦးတင်အောင်ကလည်းကောင်း သြဝါဒစကား အသီးသီး ပြောကြားကြကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

တပ်မတော် ဘောလုံးဒိုင်လူကြီးအဖွဲ့ဝင်များအား ပူဇော်ကန်တော့ပွဲတွင် တပ်မတော်ဘောလုံး ကော်မတီဥက္ကဋ္ဌ၊ တပ်မတော် ကိုယ်ခံပညာနှင့် အားကစားသိပ္ပံ ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး ထင်ဇော်ဝင်း သြဝါဒစကား ပြောကြားစဉ်။
(တပ်မတော်ဘောလုံးကော်မတီ)

အရိယာဓမ္မာရုံတည်ဆောက်ရန် ကုသိုလ်ပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၉

မြောင်းမြမြို့ ကျွန်းတောရပ် သဲအင်းဂူ ခေမာဝံသကျောင်းတိုက် အတွင်း၌ တရားဟော တရားနာ တရားအားထုတ်ရန်အတွက် အရိယာဓမ္မာရုံကြီးတည်ဆောက်နေပြီဖြစ်ရာ အမြန်ပြီးစီးရန်အတွက် မည်သူမဆို ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပြီး မြောင်းမြ သဲအင်းဂူ ခေမာဝံသကျောင်း ဘဒ္ဒန္တ မုနိန္ဒ (ကျိုက်ဝိုင်း) ဖုန်း–၆၆၁၃၉၇၊ ဦးကာနီ (မြောင်းမြ) ဖုန်း–၀၄၂–၇၀၃၆၇၊ ဦးဇော်မင်း (မြောင်းမြ) ဖုန်း–၀၄၂–၇၀၁၀၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၂၃)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အဖွဲ့ဝင် ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အဖွဲ့ဝင် ဒေါက်တာမြင့်သိန်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အဖွဲ့ဝင် ဒေါက်တာစိုးရင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ဒုတိယခေါင်းဆောင်များက မိမိတို့အဖွဲ့အလိုက် ဆောင်ရွက်ပြီးစီးသည့် အခြေအနေများကိုရှင်းလင်းတင်ပြကြသည်။

အကြံပြုတင်ပြ

ဆက်လက်၍ တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များက ရေးဆွဲတင်ပြသော အခြေခံဥပဒေမူကြမ်းများအပေါ် အသေးစိတ် ဆွေးနွေး အကြံပြု တင်ပြကြသည်။

ထို့နောက် သဘာပတိ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နား လိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အဖွဲ့ဝင် ဒေါက်တာမျိုးသန့်တင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မဟာဓမ္မိကာရာမကျောင်းတိုက် ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၉

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၈၇)ရပ်ကွက် မဟာဓမ္မိကာရာမ ကျောင်းတိုက် ဆုတောင်းပြည့်စေတီတော်မြတ်၏ (၅၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရာတွင် အကြိုတရားပွဲအဖြစ် ဇန်နဝါရီ ၁၁ရက်တွင် တွံတေးဆရာတော် အရှင်ကုဏ္ဍက၊ ၁၂ရက်တွင် မေတ္တာအေးဆရာတော် အရှင်သုဇာတ၊ ၁၃ရက်တွင် သီတဂူကြာတစ်ပွင့် ရွှေပြည်ဟိန်း ဆရာတော် အရှင်ခေမာသိရီလင်္ကာရ၊ ၁၄ရက်တွင် ထေရဝါဒတက္ကသိုလ် လက်ထောက် ကထိက ဒေါက်တာ ကုဏ္ဍက၊ ၁၅ရက်တွင် ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒ တို့က ညစဉ် ၇နာရီမှ စတင်၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) ရန်ပုံငွေပန်းချီကားများ ရောင်းချပွဲ

သတင်းမှတ်တမ်းဓာတ်ပုံ တင်ဝင်းလေး(ကြည်မြင့်တိုင်)

ရန်ကုန် ဇန်နဝါရီ ၉

၂၀၀၇ခုနှစ် မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး မျက်နှာစုံညီအစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ခြင်း အထိမ်းအမှတ်အဖြစ် အစည်းအရုံး(ဗဟို)မှ ပန်းချီပညာရှင် နာယကဆရာကြီးများ၊ အလုပ်အမှုဆောင်များ၊ အစည်းအရုံးဝင်ပညာရှင်များ လှူဒါန်းကြသော ပန်းချီအနုပညာလက်ရာ ပန်းချီကားများကို အစည်းအရုံး အဆောက်အအုံတည်ဆောက်ရန် ရန်ပုံငွေအတွက် ရောင်းချပွဲကို ဇန်နဝါရီ ၅ရက်က ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) ပြခန်း၌ ကျင်းပသည်။

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) အဆောက်အအုံ တည်ဆောက်ရန်အတွက် ရန်ပုံငွေပွဲအဖြစ် ရောင်းချခြင်းဖြစ်ရာ အနုပညာရှင်များ၏ စေတနာတရား၊ ပန်းချီမြတ်နိုးသူတို့၏ သဒ္ဒါတရားထက်သန်မှုတို့ကြောင့် ရန်ပုံငွေရောင်းချပွဲသည် စည်စည်ကားကားရှိလှပြီး ပန်းချီကားအားလုံးကို ပန်းချီမြတ်နိုးစုဆောင်းသူ ဦးဝင်းအောင်သူ (Myanmar Painting Corner)တစ်ဦးတည်းက ရန်ပုံငွေ ပေးလှူ၍ ဝယ်ယူသွားခဲ့သည်။

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) အဆောက်အအုံတည်ဆောက်ရန်အတွက် ရန်ပုံငွေအဖြစ် ပန်းချီရောင်းချပွဲတွင် ပန်းချီမြတ်နိုးစုဆောင်းသူ ဦးဝင်းအောင်သူက ပန်းချီကားအားလုံးကို ပေးလှူဝယ်ယူစဉ်။

ကြေးမုံသတင်းအဖွဲ့သည် အစည်းအရုံးဥက္ကဋ္ဌ ပန်းချီဆရာကြီး ဦးသောင်းဟန်၊ ဒုတိယဥက္ကဋ္ဌ ဦးသန့်စင်(ခ)ပန်းချီလှတင်ထွန်းနှင့် အတွင်းရေးမှူး ဦးကြည်ဝင်း (Today)တို့နှင့်တွေ့ဆုံခဲ့ရာ အစည်းအရုံး စတင်ဖြစ်ပေါ်လာပုံနှင့် စပ်လျဉ်း၍ အစည်းအရုံးဥက္ကဋ္ဌ ပန်းချီဦးသောင်းဟန်က "အရင်တုန်းက ဆယ်မျိုးသောပန်းပညာရှင်တွေအနေနဲ့ အခုလို စုစုစည်းစည်းမရှိဘဲ လူငယ်များဖွဲ့စည်းတဲ့ ပန်းချီတိုးတက်ရေးအသင်းနဲ့ ပန်းချီအကယ်ဒမီဆိုတာတွေ ပေါ်ပေါက်ခဲ့ပြီး လူကြီးတွေဖွဲ့စည်းတဲ့ ကျောင်းသင်ပန်းချီဆရာများအသင်းနဲ့ ပန်းချီကောင်စီဆိုတာ ပေါ်ပေါက်ခဲ့ဖူးပါတယ်" ဟုပြောကြားသည်။

ဆက်လက်ပြီး ဒုတိယဥက္ကဋ္ဌဦးသန့်စင်(ခ)ပန်းချီလှတင်ထွန်းက "၁၉၆၃ ခုနှစ် စက်တင်ဘာ ၃ရက်မှာ မြန်မာနိုင်ငံ ပန်းချီပန်းပုကောင်စီကိုဖွဲ့စည်းပြီး ၁၉၈၀ပြည့်နှစ်မှာ တစ်နိုင်ငံလုံးမှာရှိတဲ့ ပန်းပညာရှင်များအားလုံးကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းမှာစုစည်းပြီး မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ စည်းရုံးရေးကော်မတီကို ဖွဲ့စည်းလိုက်ပါတယ်။ အဲဒီတုန်းကဥက္ကဋ္ဌက ဆရာကြီး ဦးဘကြည်ပါ။ ၁၉၈၄ ခုနှစ်ကျမှ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးဆိုတာ ပေါ်လာတာပါ" ဟု ဖြည့်စွက်ပြောကြားသည်။

ဆက်လက်၍ အစည်းအရုံး၏ ရည်ရွယ်ချက်များနှင့် ပတ်သက်ပြီး အတွင်းရေးမှူး ဦးကြည်ဝင်း(Today)က "နိုင်ငံအနှံ့ ပြန့်ကျဲနေသော ရိုးရာပန်းပညာရှင်များ စုစည်း၍ ပညာရှင်များ၏ဘဝ မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်"၊ "အနုပညာနှင့်ပြည်သူ တွေ့ထိရင်းနှီးရေးအတွက် ပြည်တွင်းပြည်ပပြိုင်ပွဲများ အခါအားလျော်စွာ ကျင်းပနိုင်ရေးဆောင်ရွက်ရန်" ဆိုသည့် ရည်ရွယ်ချက်နှစ်ချက် ပါဝင်ကြောင်း ပြောကြားသည်။

အခုလို ရည်ရွယ်ချက်များအောင်မြင်ရေးအတွက် ဆောင်ရွက်တဲ့နေရာမှာ အစည်းအရုံးအနေနဲ့ နိုင်ငံတော်က ပေးအပ်တဲ့တာဝန်များ၊ ဝန်ကြီးဌာနများ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်ပက ဆောင်ရွက်လိုတဲ့ ပန်းဆယ်မျိုးနဲ့ပတ်သက်တဲ့ ကိစ္စရပ်အားလုံးကို လက်ခံဆောင်ရွက်ပေးခြင်း၊ပြပွဲများအနေနဲ့ အစည်းအရုံးပြခန်းမှာ မြို့နယ်အလိုက် တစ်နှစ်ကို ပွဲပေါင်း(၄၀)ကျော် ပြသပေးခြင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရန်ကုန်မြို့ တပ်မတော်ခန်းမနဲ့ မန္တလေးမြို့ မြို့တော်ခန်းမတို့မှာ ပြပွဲကြီးတွေကို ပြုလုပ်ပေးနိုင်ခဲ့ပါတယ်"ဟု အတွင်းရေးမှူး ဦးကြည်ဝင်းက ဆက်လက် ရှင်းလင်းပြောကြားသည်။

ယခုအခါ ပြည်နယ်နှင့်တိုင်း ၁၂ခုရှိမြို့နယ်ပေါင်း (၇၆)မြို့နယ်တို့တွင် ဖွဲ့နိုင်ခဲ့ပြီး အစည်းအရုံးအင်အား ၃၀၀၀ ကျော် စုစည်းပြီးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)သည် မြန်မာမှုအနုပညာများကို ညီနောင်အတတ်ပညာရှင်များ စုစုစည်းစည်း ညီညွတ်စွာ လက်တွဲ၍ ဖော်ဆောင်နိုင်ခဲ့ခြင်းကြောင့် မြန်မာ့ရိုးရာပန်းပညာများသည် တင့်တယ်လှပမွေးပျံ့စေခဲ့သော အနုပညာဥယျာဉ်ကြီးတစ်ခုဖြစ်လာသည်ဟု တင်စားရေးသားရမည်ဖြစ်ပါသည်။ (ကြေးမုံ)

ဝင်းသူဇာ အရောင်းကိုယ်စားလှယ်ဖိတ်ခေါ်

ရန်ကုန် ဇန်နဝါရီ ၉

အမှတ်(၁)စက်မှုဝန်ကြီးဌာနသည် အထည်အလိပ်များနှင့် အသင့်ချုပ်ပြီး အဝတ်အထည်များ၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုးနှင့် အဖျော်ယမကာမျိုးစုံ၊ ဆေးဝါးအမျိုးမျိုးနှင့် ဆပ်ပြာမျိုးစုံ၊ ကြွေထည်ပစ္စည်းမျိုးစုံ၊ စက္ကူနှင့်ဗလာစာအုပ်အမျိုးမျိုး၊ သဘော်ဆေးမျိုးစုံ၊ အပ်ချုပ်စက်နှင့် စက်ဘီးမျိုးစုံ၊ ပလတ်စတစ်၊ သားရေ၊ ရော်ဘာတို့နှင့် စပ်လျဉ်းသော လူသုံးကုန်ပစ္စည်းအမျိုးမျိုး စသည်ဖြင့် ပစ္စည်းအမယ်ပေါင်း (၈၉၁)မယ်ကိုထုတ်လုပ်လျက်ရှိပြီး အဆိုပါပစ္စည်းများအနက်မှ အမယ်ပေါင်း (၄၉၈)မယ်ကို မြန်မာပြည်တစ်ဝန်းတွင် ဝင်းသူဇာ အရောင်းဆိုင်များ၊ နယ်လှည့်ဈေးကားများဖြင့် မြန်မာပြည်အနှံ့ အထူးဈေးရောင်းပွဲတော်များ၊ ရန်ကုန်မြို့ရှိ အခွန်လွတ်ဈေးများ၌ ရောင်းချပေးလျက်ရှိရာ ဈေးနှုန်းချိုသာ၍ အရည်အသွေး ကောင်းမွန်သဖြင့် ပြည်သူများကနှစ်ခြိုက်စွာ ဝယ်ယူအားပေးလျက် ရှိကြသည်။

သို့ပါ၍ ယင်းထုတ်ကုန်ပစ္စည်းများကို ပြည်သူများထံပိုမို၍ ပျံ့ပျံ့နှံ့နှံ့ ဖြန့်ဖြူးရောင်း ချနိုင်ရေးအတွက် လက်လီ၊ လက်ကားအရောင်းကိုယ်စားလှယ် ဆောင်ရွက်လိုသူများအား ဖိတ် ခေါ်လျက်ရှိသည်။

သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီသူများအား အရောင်းကိုယ်စားလှယ်အဖြစ် သတ်မှတ်ပေးမည်ဖြစ်ပြီး ဆိုင်ဖွင့်လှစ်ရောင်းချသည့်အနေအထားပေါ် မူတည်၍ ဝင်းသူဇာ အရောင်းဆိုင် ဆိုင်းဘုတ်ကို တပ်ဆင်အသုံးပြုခွင့်ပေးမည်ဖြစ်သောကြောင့် စိတ်ပါဝင်စားသူများသည် ညွှန်ကြားရေးမှူးချုပ်၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ နေပြည်တော်နှင့် ဖုန်း ၀၆၇-၄၀၈၁၃၅၊ ၀၁-၅၇၇၀၇၄တို့သို့ စုံစမ်းနိုင်သည်။ (သတင်းစဉ်)

ဖြိုးစေတနာ (အခမဲ့) ဆေးကုခန်းများတွင် အသုံးပြုရန် အလှူငွေကျပ် သိန်း ၁၀၀ ပေးအပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်း တာဝန်ခံများဖြစ်ကြသော) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ယနေ့မွန်းလွဲပိုင်းက မြို့တော်ခန်းမရှိ ခန်းမ(၁)၌ ပြုလုပ်သည့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့်ဖြိုးစေတနာ (အခမဲ့) ဆေးကုခန်းများတွင် အသုံးပြုရန် အလှူငွေကျပ် သိန်း ၁၀၀ လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်၍ အလှူငွေများ လက်ခံကြသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် အမှုဆောင်များ၊ အလှူရှင် Jewellery Luck Company Limited မန်နေဂျင်းဒါရိုက်တာဦးကျော်စိန် ကိုယ်စား အထွေထွေမန်နေဂျာ ဦးစိုင်းခမ်းလှိုင်၊ ဒုတိယမန်နေဂျာ ဦးဇာဏီနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ ဦးစိုင်းခမ်းလှိုင်က ရန်ကုန်တိုင်းအတွင်း ဖွင့်လှစ်သည့် ဖြိုးစေတနာ (အခမဲ့) ဆေးကုခန်းများ အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ် ဖွင့်လှစ်သွားနိုင်ရန် တစ်ဖက်တစ်လမ်းမှ အားပေးကူညီလို၍ ယခုကဲ့သို့ လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ကျပ်သိန်း ၁၀၀ ပေးအပ်

ထို့နောက် အလှူငွေကျပ်သိန်း ၁၀၀ ကို ဦးစိုင်းခမ်းလှိုင်မှ ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လက်ခံရယူသည်။ ယင်း နောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က ရန်ကုန်တိုင်းအတွင်း ဖွင့်လှစ်သည့် ဖြိုးစေတနာ (အခမဲ့) ဆေးကုခန်းများကို ဆက်လက် ဖွင့်လှစ်သွားပြီး ပြည်သူများ၏ ကျန်းမာရေးကို အစဉ်အလေးထား စောင့်ရှောက် ကူညီမည်ဖြစ်ကြောင်း ပြောကြားသွားသည်။ (၁၉)

ငွေကျပ်သိန်း၁၀၀ လက်ခံ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန် တိုင်းတာဝန်ခံ)မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ရန်ကုန်တိုင်းအတွင်းရှိ ဖြိုးစေတနာ (အခမဲ့) ဆေးကုခန်းများတွင် အသုံးပြုရန် Jewellery Luck Company Limited မန်နေဂျင်းဒါရိုက်တာ ဦးကျော်စိန် လှူဒါန်းသော ငွေကျပ် သိန်း ၁၀၀ ကို လက်ခံစဉ်။ (၁၉)

သရဖူမဂ္ဂဇင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

သရဖူမဂ္ဂဇင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ်နှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း(ဗဟို)သို့ အလှူငွေ ပေးအပ်လှူဒါန်းပွဲ၊ ရောင်းအားအကောင်းဆုံး ကိုယ်စားလှယ်များနှင့် ကြော်ငြာအများဆုံး ထည့်သွင်းသည့် ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ မီဒီယာများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် Ball Room ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို)မှ ဦးမျိုးသန့်(မောင်ဆုရှင်) နှင့်တာဝန်ရှိသူများ၊ စာပေနှင့် စာနယ်ဇင်းများမှ မိတ်ဆွေများ၊ ပုံနှိပ်ထုတ်ဝေသူများ၊ စာရေးဆရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရန်ကုန်မြို့ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းမှ အသင်းသူ၊ အသင်းသားများက ရှမ်းရိုးရာအက တေးသီချင်းဖြင့် သီဆိုကပြကြပြီး စိုင်းစိုင်းခမ်းလှိုင်နှင့် တင်မိုးလွင်တို့က သရဖူမဂ္ဂဇင်းသမိုင်းကြောင်းကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် သရဖူမဂ္ဂဇင်း တည်းဖြတ်ထုတ်ဝေသူ ဒေါ်နန်းအိအိဇာက (၁၀)နှစ်ပြည့် အထိမ်းအမှတ်ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို)အလုပ်အမှုဆောင် ဦးမျိုးသန့်(မောင်ဆုရှင်) က ဂုဏ်ပြုစကားပြောကြားကာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ နာမကျန်းထောက်ပံ့ရေးရန်ပုံငွေသို့ သရဖူမဂ္ဂဇင်း တည်းဖြတ်ထုတ်ဝေသူ ဒေါ်နန်းအိအိဇာက ငွေကျပ် တစ်သိန်း ပေးအပ်လှူ ဒါန်းသည်။

ဆက်လက်၍ အနုပညာရှင်များ၏ အဆိုအကများ၊ နာမည်ကြီး သရုပ်ဆောင်များ၏ ဝတ်စားဆင်ယင်ပြသမှုများ၊ တေးဂီတဖြင့် သီဆိုဖျော်ဖြေမှုများ၊ Mr.& Miss Crown ယှဉ်ပြိုင်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သရဖူ မဂ္ဂဇင်း (၁၀) နှစ် ပြည့် အ ထိမ်း အ မှတ် အ ခမ်း အ နား တွင် Mr. & Miss Crown ပြိုင်ပွဲမှ ဆုရရှိသူများအား ဆုချီးမြှင့် အပြီး တွေ့ရစဉ်။ (သတင်းစဉ်)

ကံမြင့်ကျောင်းတိုက် ဓမ္မဒူတအရှင်ဆေကိန္ဒ အထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော်သည် ဇန်နဝါရီ ၁၆ရက်မှ ၂၈ရက်အထိ ညစဉ် ၈နာရီတွင် တရားတော်များ ဟောကြားမည်ဖြစ်ရာ ကြွရောက်တရားနာယူ နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၁-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၀၅ ၆။ အတီးပြိုင်ပွဲ
၈း၁၀ ၇။ အကပဒေသာ
၈း၂၀ ၈။ အဆိုပြိုင်ပွဲ
၈း၂၅ ၉။ စလင်းချောင်းတံတား
၈း၃၀ ၁၀။ International News.
၈း၄၅ ၁၁။ Let's Go.
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English for Every day Use
၄း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
၅း၀၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅း၁၅ ၆။ တေးဂီတအစီအစဉ်
၅း၃၀ ၇။ **"သစ်ကောင်းတစ်ပင်" (နဒီစိုး၊ပြည့်စုံရှင်၊ ကျော်မျိုးဟိန်း၊ မိုးယံထက်၊ရန်ပိုင်စိုး၊ မောင်ဂဠုန်) [ဒါရိုက်တာ- မိုးထက်လူ(သစ်တော)]**
၅း၄၅ ၈။ မူဟန်သွယ်သွယ်ဆိုကြမယ်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ "တိုင်းရင်းသားတို့ဆုံစည်းနေ စွမ်းရည်ဖွံ့ဖြိုးရေး ကောလိပ်မြေ"
၆း၅၀ ၁၂။ **"နတ်လူသာစုခေါ်စေသော်" (ခေတ်သစ်၊ဝိုင်းစုခိုင်သိန်း၊ သတိုးစော) (ဒါရိုက်တာ-သော်ကိုကိုကျော်)**
၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး တတိယချစ်ပုံပြင်" (အပိုင်း-၃၄)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူများ"(အပိုင်း-၁၇)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

ကြေးမုံ The Mirror မှုခင်း သတင်းများ

တရားမဝင်သယ်ဆောင်လာသော ကျွန်းသစ်ခြောက်တန်ကျော်ဖမ်းမိ

ရန်ကုန် ဇန်နဝါရီ ၉

သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဖေယျနှင့်အဖွဲ့သည် သတင်းအရ ယမန်နေ့နံနက် ၁နာရီခန့်တွင် လှိုင်သာယာမြို့နယ် စက်မှုဇုန် ကမ်းနားလမ်း ပန်းလှိုင်တံတားအနီးရှိ သဲကွင်းတွင် ဆိုက်ကပ်ထားသော အောင်ဖေယျာဦးကြီးမော်တော်အားဝင်ရောက်ရှာဖွေရာ မော်တော်ဝမ်းထဲတွင် ကျောက်စရစ်များဖုံးပြီး တင်လာသော တရားမဝင်ကျွန်းသစ်စကွဲယားတုံး ၁၆၄ချောင်း၊ ၆ဒသမ ၇၄၄ တန်ကိုတွေ့ရှိရမိခဲ့သည်။ မော်တော်ပိုင်ရှင်နှင့် ဆလင်ဖြစ်သူမှာ မြန်အောင်မြို့နယ်နေ ဦးသန်းဋ္ဌေးဆိုသူဖြစ်ပြီး ၎င်းမှာ ထွက်ပြေးတိမ်းရှောင်သွား သည်။ မော်တော်ပေါ်တွင် လိုက်ပါလာသော မြန်အောင်မြို့နယ် ရွှေကျင် ရွာနေ ဦးတင်အေး(၅၂)နှစ် (ဘ) ဦးဖိုးဝပါ လုပ်သား ငါးဦးအား သစ်တောဦးစီးဌာနက အမှုဖွင့်အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသမီးလေးဦးအား အိမ်ဖော်အဖြစ်လုပ်ကိုင်ရန်အတွက် တရုတ်နိုင်ငံသို့ပို့ဆောင်သူများကို ဖမ်းဆီး

ရန်ကုန် ဇန်နဝါရီ ၉

သန်လျင်မြို့နယ် သန်လျင်-ရန်ကုန် တံတားထိပ် သန်လျင်ဘက်အခြမ်းတွင် ယမန်နေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်က သန်လျင်ရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ်ဇော်နိုင်အောင်နှင့် အဖွဲ့သည် သတင်းအရ အမျိုးသမီးရေးရာ အဖွဲ့ဝင် သက်သေများနှင့်အတူ စောင့်ဆိုင်းနေစဉ် သန်လျင်မှ ရန်ကုန်သို့ ယာဉ်မောင်း သန်းအောင် (၄၂)နှစ် မောင်းနှင်လာသော တိုယိုတာကရောင်းအငှားယာဉ်အား တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာနေ ကျော်ကျော်(ခ)ကျော်ကြီး (၃၄)နှစ်နှင့် ဇနီး ဥမ္မာ(ခ)ခင်ဥမ္မာဝေ (၂၉)နှစ်တို့နှင့်အတူ သန်လျင်မြို့နယ်အတွင်းနေသူ အမျိုးသမီးလေးဦးတို့ကို တွေ့ရှိခဲ့သည်။ ၎င်းတို့အား စစ်ဆေးရာတွင် အမျိုးသမီးလေးဦးကို တရုတ်နိုင်ငံသို့ အိမ်ဖော်အဖြစ်သွားရောက်လုပ်ကိုင်ရန် ခေါ်လာခြင်းဖြစ်ကြောင်း၊ ရန်ကုန်ဘူတာကြီးမှ မူဆယ်မြို့ထိုမှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ကျော်ကျော်(ခ)ကျော်ကြီးနှင့် ဥမ္မာ(ခ)ခင်ဥမ္မာဝေတို့ နှစ်ဦးအား သန်လျင်ရဲစခန်းမှ (ပ)သတင်းချက်အမှတ် ၂၃/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၀/၃၇၁ အရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရေပေးဝေရေးစီမံကိန်းရုံးမှ ငွေကျပ်သိန်း ၆၀ ခိုးယူခံရ

ရန်ကုန် ဇန်နဝါရီ ၉

ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် ကမ္ဘောဇလမ်း အမှတ်(၁၂)ရှိ ဂျာမနီနိုင်ငံ အခြေစိုက် Welt Hunger Hilfe (NGO) ရေပေးဝေရေးစီမံကိန်းရုံးတွင် ဇန်နဝါရီ ၇ရက် နံနက် ၈နာရီခန့်က အုပ်ချုပ်ရေးနှင့် ထောက်ပံ့ရေးတာဝန်ခံ ဦးဝင်းကိုကို(၃၅)နှစ်သည် တာဝန်ထမ်းဆောင်ရန် ရုံးခန်းသို့ ရောက်ရှိချိန်တွင် အပေါ်ထပ်ငွေစာရင်းအခန်းအတွင်းရှိ Leeco ဗီရိုမှာ သော့များပျက်စီးမှုမရှိဘဲ အံဆွဲများအပြင်သို့ထွက်နေကာ အံဆွဲအတွင်းထည့်ထားသည့် ငွေကျပ် သိန်း(၆၀)ခန့်မှာ ပျောက်ဆုံးနေသည်ကို တွေ့ရ၍ ဗဟန်းမြို့နယ် ရဲစခန်းသို့တိုင်ကြားသည်။ ဗဟန်းရဲစခန်းက (ပ)သတင်းချက်အမှတ် ၈/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀အရ အမှုဖွင့်၍စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖယောင်းတိုင်ထွန်းပြီး ဓာတ်ဆီထည့်ရာမှမီးလောင်

ရန်ကုန် ဇန်နဝါရီ ၉

မီးစက်နှိုးရန် ဖယောင်းတိုင်ထွန်းပြီး ဓာတ်ဆီထည့်ရာမှ မီးကူးစက်လောင်ကျွမ်း၍ ကျပ်ငွေလေးသိန်းဖိုး ဆုံးရှုံးခဲ့သော မီးလောင်မှုတစ်ခု တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက် ရတနာလမ်းတွင် ဇန်နဝါရီ ၈ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားပုံမှာ ဇန်နဝါရီ ၈ရက် ည ၇နာရီ ၁၅မိနစ်ခန့်တွင် တောင်ဥက္ကလာပမြို့နယ် ရဲစခန်း၌ ဒုရဲအုပ်ထွန်းထွန်းလွင် တာဝန်မှူးတာဝန်ဆောင်ရွက်နေစဉ် (၁၂)ရပ်ကွက် ရတနာလမ်းအတွင်းရှိ အောင်စည်တော်ကားပစ္စည်းအရောင်းဆိုင်တွင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ဆိုင်တာဝန်ခံ အောင်သက်ဦး(၂၁)နှစ်သည် မီးစက်နှိုးရန် ဖယောင်းတိုင်ဖြင့် ဓာတ်ဆီထည့်ရာမှ မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားရာသို့ မီးသတ်ယာဉ်ငါးစီးရောက်ရှိငြိမ်းသတ်သဖြင့် ည ၇နာရီ ၂၅မိနစ်ခန့်တွင် မီးငြိမ်းသွားသည်။ မီးလောင်မှုကြောင့် ဆိုင်အတွင်းရှိ ကားအပိုပစ္စည်းစုစုပေါင်းတန်ဖိုး ၄၄၀၀၀၀ ခန့် မီးလောင်ဆုံးရှုံးသွားသောကြောင့် အောင်သက်ဦးအပေါ် အရေးယူပေးရန် တိုင်တန်းသည်။

ယင်းအမှုကို တောင်ဥက္ကလာပမြို့နယ် ရဲစခန်းက(ပ)၂၄/၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈၅ဖြင့် ယင်းနေ့တွင်ပင် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ (၃၁)

ဒုံသမိချောင်းအတွင်း စက်တပ်လှေမှောက်သဖြင့် လေးဦးသေဆုံး

ရန်ကုန် ဇန်နဝါရီ ၉

ဘားအံမြို့နယ် ထုံးဘိုကျေးရွာမှ အောက်ကော့ရင်းရွာရှိ ဦးဘောလုံးလယ်တွင် စပါးစိုက်ရန်အတွက် ဇန်နဝါရီလ ပထမပတ်အတွင်းက ဦးဘောလုံး၏သား အေးထွန်း မောင်းနှင်လာသော စက်တပ်လှေငယ်ပေါ်တွင် ကောက်စိုက်သမကိုးဦး လိုက်ပါလာခဲ့စဉ် ထုံးဘိုကျေးရွာအနီး ဒုံသမိချောင်းရေလယ်၌ တိမ်းမှောက်ခဲ့ရာ စက်တပ်လှေပေါ်တွင် လိုက်ပါလာသူ ကောက်စိုက်သမများဖြစ်သည့် ထုံးဘိုကျေးရွာနေ မရိစလင်း (၂၀)နှစ်၊ မဂလိုနီ (၁၈)နှစ်၊ မရိမေရီ (၂၀)နှစ်၊ မအာရှိအီရမ်မေဘိ(၂၀)နှစ်တို့ လေးဦး ရေနစ်သေဆုံးခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဘားအံ ရဲတပ်ဖွဲ့စခန်းက စက်တပ်လှေမောင်းသူ အေးထွန်းအပေါ် (ပ)သတင်းချက်အမှတ် ၁၀/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄(က) အရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အနောက်ဘက်ကမ်းတွင် အိမ်ရာဆောက်လုပ်မှုကိစ္စ သမ္မတဘုရှ်နှင့်ဆွေးနွေးမည်ဟု ပါလက်စတိုင်းသမ္မတပြောကြား

ဘီသယ်ဟမ်(အနောက်ဘက်ကမ်းခြေ) ဇန်နဝါရီ ၉

ငြိမ်းချမ်းရေးရရှိရန်အတွက် အနောက်ဘက်ကမ်းခြေရှိ အစ္စရေးလူနေအိမ်ရာများ ဆောက်လုပ်မှု ထိန်းချုပ်ပေးရန် အမေရိကန်သမ္မတ ဂျော့ဘုရှ်သို့ တိုက်တွန်းမည်ဖြစ်ကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က တနင်္လာနေ့က ပြောကြားလိုက်သည်။

အိမ်ရာများ

ဂျေရုဆလင် ဒေသတွင် ဆောက်လုပ်ထားသော အစ္စရေး အိမ်ရာများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆွေးနွေးမည်

အစ္စရေး သိမ်းပိုက်ထားသည့် အနောက်ဘက်ကမ်းခြေတွင် အစ္စရေးတို့က လူနေအိမ်ရာ ဆောက်လုပ်မှု တိုးချဲ့နေသည့်ကိစ္စကို သမ္မတဘုရှ်နှင့် တွေ့ဆုံ ဆွေးနွေးမည် ဖြစ်သည်။ ပါလက်စတိုင်းက ယင်းဒေသတွင် ပါလက်စတိုင်းနိုင်ငံ တည်ထောင်ရန် ကြိုးပမ်းလျက်ရှိသည်။ သမ္မတဘုရှ်က ယင်းဒေသသို့ ရောက်ရှိ နေစဉ်အတွင်း အစ္စရေးဝန်ကြီးချုပ် အိုလ်မတ်နှင့် ဆွေးနွေးမည် ဖြစ်သည်။

အိုလ်မတ်က အနောက်ဘက် ကမ်းခြေတွင် အစ္စရေးတို့၏ လူနေအိမ်ရာ ဆောက်လုပ်မှု စီမံကိန်းရပ်ဆိုင်းရန် လွန်ခဲ့သည့် ရက်သတ္တပတ်က အမိန့်ထုတ်ပြန်ခဲ့သည်။ သို့ရာတွင် ဂျေရုဆလင်မြို့အနီးတွင် ထောင်ချီဆောက်လုပ်မည့် အိမ်ရာစီမံကိန်းကို ဖျက်သိမ်းခြင်းမပြုဘဲ ထားခဲ့သည်။

အဓိကပြဿနာ

ယင်းဒေသတွင် လူနေအိမ်ရာ ဆောက်လုပ်မှုပြဿနာသည် အစ္စရေးနှင့်ပါလက် စတိုင်းတို့ သဘောတူညီမှု မရနိုင်သည့် အဓိကပြဿနာ အရင်းအမြစ် ဖြစ်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ရွေးကောက်ပွဲ အငြင်းပွားမှုပြဿနာကိုဖြေရှင်းရန် ကင်ညာသမ္မတက အတိုက်အခံခေါင်းဆောင်အားဖိတ်ကြား

နိုင်ရိုဘီ ဇန်နဝါရီ ၉

ကင်ညာနိုင်ငံတွင် ဖြစ်ပွားသည့် ရွေးကောက်ပွဲ အငြင်းပွားမှုပြဿနာနှင့် ပတ်သက်၍ မျက်နှာချင်းဆိုင် ညှိနှိုင်းဆွေးနွေးရန်အတွက် ကင်ညာသမ္မတသစ် ကီဘာကီက ၎င်း၏ အဓိက ပြိုင်ဘက်ဖြစ်သူ ရိုင်လာ အိုဒင်ဂါကို တနင်္လာနေ့က ဖိတ်ကြားခဲ့သည်။

အိုဒင်ဂါက ဆွေးနွေးရန် သဘောတူညီပါက ဆွေးနွေးပွဲကို သောကြာနေ့တွင် ကျင်းပမည်ဟု ကီဘာကီ၏ တိုက်ရိုက်ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။ ယင်းသို့ တွေ့ဆုံဆွေးနွေးမှုကြောင့် နိုင်ငံရေးအရ ပဋိပက္ခဖြစ်နေမှုကို ဖြေရှင်းရာတွင် အထောက်အကူပြုနိုင်မည် ဖြစ်သည်ဟု ယင်းက ကြေညာချက်တွင် ဖော်ပြသည်။ ကင်ညာနိုင်ငံ၌ လွန်ခဲ့သည့် ရက်သတ္တပတ်က သမ္မတ ရွေးကောက်ပွဲ ကျင်းပခဲ့ရာ ကီဘာကီက မသမာမှုများ ရှိခဲ့သည်ဟု အိုဒင်ဂါကစွပ်စွဲခဲ့သည်။

အိုဒင်ဂါကအငြင်းပွား ပြဿနာ ဖြေရှင်းရန်အတွက် နိုင်ငံတကာက ဝင်ရောက်ဖျန်ဖြေမှုကို လိုလားသည်ဟု ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကင်ညာနိုင်ငံတွင် မငြိမ်မသက်မှုများ ဖြစ်နေသည်ကို ဇန်နဝါရီ ၅ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာရေးရာနောက်ဆုံးသတင်းများ

ကွန်ပျူတာကြီးကြပ်သူ အဖျက်အမှောင့်လုပ်၍ ထောင်ကျ

နယူးယောက် ဇန်နဝါရီ ၉

မက်ခ်ကိုဆေးဝါးကုမ္ပဏီမှ ကွန်ပျူတာကြီးကြပ်သူတစ်ဦးသည် ၎င်းတာဝန်ယူရသော ကွန်ပျူတာစနစ်မှ ဆာဗာကိုဖျက်ဆီးရန်ကြိုးစားသဖြင့် ထိုပြစ်မှုအတွက် အမြင့်ဆုံး ထောင်ဒဏ်လပေါင်း ၃၀ ကျခံစေရန် တရားရုံးက ဇန်နဝါရီ ၈ရက်တွင် အမိန့်ချမှတ်လိုက်သည်။

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် နီဝက်ခ်တရားရုံး၏ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူမှာ အသက်(၅၁)နှစ်ရှိ ယွန်ဆန်လင်းဖြစ်သည်။ ၎င်းသည် အလုပ်ထုတ်ခံရတော့မည်ဖြစ်၍ ကွန်ပျူတာစနစ်ကို ဖျက်ဆီးရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။

ယွန်ဆန်လင်းအနေဖြင့် ထောင်ဒဏ်ကိုသာမက ကုမ္ပဏီကိုပါ လျော်ကြေး အမေရိကန်ဒေါ်လာ ၈၁၂၀၀ ပေးအပ်ရန် တရားရုံးအမိန့်တွင် ဖော်ပြပါရှိသည်။

လင်းသည် ကွန်ပျူတာစနစ်အတွင်း သင်္ကေတများထည့်သွင်းပြီး ၎င်း၏ မွေးနေ့အရောက်တွင် ကွန်ပျူတာမှတ်တမ်းမှတ်ရာများသုံး၍မရဘဲဖြစ်သွားစေရန် စီမံခဲ့ခြင်းဖြစ်သည်။ သို့သော် ၎င်း၏အစီအမံများမှာ အထမမြောက်ဘဲ ဖြစ်ခဲ့ရသည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ဘူတိုအားလုပ်ကြံသူကိုသိရှိပြီဟု ဒေသခံရုပ်သံဌာနကကြေညာ

အစ္စလမ္မာဘတ် ဇန်နဝါရီ ၉

ဘနာဇီဘူတိုကို လုပ်ကြံသတ်ဖြတ်သူ တစ်ဦးမှာ မည်သူမည်ဝါဖြစ်ကြောင်းကို ဖော်ထုတ်သိရှိပြီဟု ဒေသခံ ရုပ်မြင်သံကြားဌာန သတင်းမှ တနင်္လာနေ့က ကြေညာသွားသည်။

နိုင်ငံ၏မြောက်ပိုင်း နယ်စပ်ပြည်နယ် စံဝါဘီဒေသကို ပါကစ္စတန်ရဲတပ်ဖွဲ့ဝင်များ မကြာသေးမီက ဝင်ရောက်စီးနင်းပြီး မသင်္ကာသူ အများအပြားကို ဖမ်းဆီးခဲ့သည်။ ယင်းဒေသသည် ဘနာဇီယာဘူတိုကို လုပ်ကြံသူများနှင့် အဆက်အစပ်ရှိသည်ဆိုသော ဒေသဖြစ်သည်။

နိုင်ငံ၏ အရှေ့ပိုင်းဒေသ ရာဝါလ်ပင်ဒီမြို့တွင် ဘနာဇီယာဘူတိုကို ဗုံးခွဲလုပ်ကြံစဉ် လက်သည်တရားခံမှာလည်း တစ်ပါတည်းသေဆုံးသွားခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှ အပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ခုနှစ် ဇန်နဝါရီလအတွက်

(၁၃-၁-၂၀၀၈)ရက်နေ့

နှင့်

(၂၇-၁-၂၀၀၈)ရက်နေ့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၁-၂၀၀၈ (ကြာသပတေးနေ့)

AM & PM	
၇း၀၀-၁း၀၀	MRTV-4အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"အား"တရားတော်(ယောဆရာတော်-အရှင်သိရိန္ဒာဘိဝံသ)
၇း၅၀-၁း၅၀	နိဗ္ဗာန်ဆီသို့---အမေးအဖြေများ
၈း၁၅-၂း၁၅	တေးဂီတအစီအစဉ်
၈း၂၀-၂း၂၀	ပြည်တွင်းအနုပညာရေးရာ
၈း၅၀-၂း၅၀	Activities in The City
၉း၀၅-၃း၀၅	ကချင်ရိုးရာဝတ်စားဆင်ယင်မှု
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅-၃း၂၅	မြတ်ဗုဒ္ဓသာသနာပွင့်လန်းရာ ဆရာကြီးဦးသန်းဓမ္မရိပ်သာ
၉း၅၅-၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀-၄း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅-၄း၀၅	**ပျော်ရွှင်ကျန်းမာသန့်စင်သောအစာ (ဆုပန်ထွာ၊ပွင့်၊ဟဲဗီးဖြိုး) (ဒါရိုက်တာ-ကြည်စိုးထွန်း)**
၁၀း၁၀-၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅-၄း၁၅	သင်ယူလေ့လာဂီတပညာ(ကိုစိုင်း)(အပိုင်း-၂၃)
၁၀း၄၅-၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀-၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀-၅း၀၀	ရွှေလက်သံ(ရတနာ၃)
၁၁း၁၅-၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀-၅း၂၀	တံတားမြစ်ငယ်အသစ်သွယ်လူမှုစီးပွားကြွယ်
၁၁း၃၀-၅း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅-၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀-၅း၄၀	Fashion Guide(လှပတော်ဝင်ရတနာဒီဇိုင်းဖက်ရှင်)
၁၂း၀၀-၆း၀၀	အံ့မခန်းဖူးတွေ့စရာ အလောင်းတော်ကဿပလိုဏ်ဂူမှာ
၁၂း၃၀-၆း၃၀	တေးဂီတအစီအစဉ်
၁၂း၃၅-၆း၃၅	Celebrity Style(သရုပ်ဆောင် ရီဝေယံနှင့်တွေ့ဆုံခြင်း)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မိုးပေါ်ခုန်တက်ကလိုက်ချင်ပါတယ် သမ္မတနှင့်သွင်ရုံတို့၌ ဆက်လက်ပြသမည်

ကြေးမုံ ရုပ်ရှင်

ရန်ကုန် ဇန်နဝါရီ ၉

ယခုသောကြာပတ် ဇန်နဝါရီ ၁၁ ရက်တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင် ဇာတ်ကားသစ် ရုံတင်နိုင်ခြင်းမရှိဘဲ ပြသဆဲ **"မိုးပေါ်ခုန်တက်ကလိုက်ချင်ပါတယ်"** ဇာတ်ကားသာ သမ္မတနှင့် သွင်ရုံများတွင် ဆက်လက်ပြသမည်ဖြစ်သည်။

ကျော်စေ ရုပ်ရှင်ထုတ်လုပ်ရေးမှ ထပ်ဆင့် အကယ်ဒမီ ငြိမ်းမင်း၏ ဝတ္ထု ဇာတ်ညွှန်းကို ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင် ရိုက်ကူးထားသည့် **မိုးပေါ်ခုန်တက် ကလိုက်ချင်ပါတယ်**ဇာတ်ကားမှာ အိမ်ထောင်ရေး ပညာပေး အချစ်အလွမ်း ဇာတ်ကားဖြစ်ပြီး သရုပ်ဆောင်များမှာလည်း ကျရာဇာတ်ရုပ်မှ ပီပြင်စွာ သရုပ်ဆောင်နိုင် ကြသည့်အတွက် ပရိသတ်အားပေးမှုကို ရရှိနေသည့် မြန်မာဇာတ်ကားကောင်းတစ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေတိုး၊ ရဲလေး၊ ထွန်းထွန်း၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ အကယ်ဒမီ မြတ်ကေသီအောင်၊ အကယ်ဒမီမေသဥ္ဇာဦး၊ ယုမိစံနှင့် အကယ်ဒမီနေအောင်၊ မေတ္တာ၊ ဝါးခယ်မရဲမောင်၊ သက်ထားဦးနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြသည်။

မိုးပေါ်ခုန်တက်ကလိုက်ချင်ပါတယ် ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

နိုင်ငံခြားရုပ်ရှင်

မင်္ဂလာရုံတွင် ဒါရိုက်တာ Philip G.Atwell ရိုက်ကူးပြီး နာမည်ကြီး အက်ရှင်သရုပ်ဆောင် ဂျက်လီပါဝင်သည့် WAR ဇာတ်ကားပြသမည်ဖြစ်သည်။ လူဆိုးဂိုဏ်းနှစ်ဂိုဏ်းနယ်မြေလု အင်အားပြိုင် တိုက်ခိုက်ကြပုံကို ဇာတ်လမ်းဆင် ရိုက်ကူးထားသည့် ဇာတ်ကြမ်းကားဖြစ်သည်။

နေပြည်တော်

နေပြည်တော်ရုံတွင် ပြသမည့် THE KINGDOM ဇာတ်ကားမှာ အကြမ်း ဖက်သမားများ၏ သတ်ဖြတ်မှုကိုခံခဲ့ရသည့် အမေရိကန် နိုင်ငံသားများ အတွက် စုံစမ်းဖော်ထုတ်သည့် ဇာတ်ကားဖြစ်သည်။

ရွှေဆောင်

ရွှေဆောင်ရုံတွင် နာမည်ကြီးအိန္ဒိယမင်းသားချော ရှာရွတ်ခန်ပါဝင်သည့် အိန္ဒိယအချစ် ဇာတ်ကားသစ် **OM SHANTI OM**ဇာတ်ကားပြသမည် ဖြစ်သည်။

(ကြေးမုံ)

ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ရွှေဂေယံကေတုမတီဟိုတယ် တည်ဆောက်ရေးလုပ်ငန်း စစ်ဆေး ပဲခူးဇုန်ရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြား

နေပြည်တော် ဇန်နဝါရီ ၉

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဇန်နဝါရီ ၆ရက် နံနက်ပိုင်းတွင် တောင်ငူမြို့ရှိ Royal Kaytumadi Hotel တည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်၌ ပဲခူးဇုန်ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်း၊ဥပဒေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက မြန်မာနိုင်ငံအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ Royal Kaytumadi Hotel တည်ဆောက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ဟိုတယ် အထွေထွေမန်နေဂျာ ဒေါ်စတယ်လာကျော်ဝင်းက ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော လုပ်ငန်းရှင်များက လုပ်ငန်းအခက်အခဲများကို တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် Royal Kaytumadi Hotelတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ရန်ပုံငွေဘောလုံးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံ ရပ်ရှင်အစည်းအရုံးမှကြီးမှူး၍ အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ဇန်နဝါရီ ၁၃ရက် (တနင်္ဂနွေနေ့)၌ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ရန်ပုံငွေဘောလုံးပွဲ ကျင်းပမည်ဖြစ်သည်။မွန်းတည့် ၁၂နာရီမှစ၍ နာမည်ကြီးရုပ်ရှင်သရုပ်ဆောင်များ၏ တေးဂီတဖျော်ဖြေမှုနှင့် လူရွှင်တော်များ၏ ရယ်စရာကဏ္ဍများ ဖျော်ဖြေပြီး ညနေ ၄နာရီတွင် ရုပ်ရှင်သရုပ်ဆောင်(အမျိုးသား) ဘောလုံးအသင်းနှင့် မြန်မာ့လက်ရွေးစင်(အမျိုးသမီး) ဘောလုံးအသင်းတို့ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ကစားကြမည်ဖြစ်သည်။ ဝင်ကြေးအဖြစ် အထူးတန်းပွဲကြည့်စင်အတွက် လက်မှတ်တစ်စောင် ကျပ် ၃၅၀၀၊ မြောက်ဘက်တန်းပွဲကြည့်စင်အတွက် ကျပ် ၁၀၀၀ နှုန်းဖြစ်ပြီး လက်မှတ်များကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဖုန်း-၅၄၄၂၇၀၊၅၄၄၂၇၁၊ ၇၂၇၈၃၁၊ အောင်ဆန်းအားကစားပြိုင်ကွင်း အထူးတန်းဝင်ပေါက်လက်မှတ်တန်း၊ ဝဇီရာရုပ်ရှင်ရုံ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲရုံးများ၊ ယုဇနပလာဇာ စူပါပါဝါဗီဒီယို ထုတ်လုပ်ဖြန့်ချိရေး ဖုန်း-၀၉၅၀၀၄၅၂၃နှင့် ၇၀၄၈၁၄ တို့တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကြေးမုံ The Mirror
ယနေ့ သတင်းအညွှန်း

ဝင်းသူဇာအရောင်းကိုယ်စားလှယ်ဖိတ်ခေါ် — စာမျက်နှာ-၉

မှုခင်းသတင်းများ — စာမျက်နှာ-၉

ဘူတိုအားလုပ်ကြီးသူကို သိရှိပြီဟုဆို — စာမျက်နှာ-၁၀

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်
☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား